Bridging Refugee Youth & Children's Services

This document is provided by the BRYCS Clearinghouse.

# Educational Handbook for Refugee Parents

International Rescue Committee

Reproduced with permission of International Rescue Committee

New York, NY

© 2006

BRYCS is a project of the United States Conference of Catholic Bishops/Migration and Refugee Services (USCCB/MRS)
1-888-572-6500/ info@brycs.org/ www.brycs.org




# Educational Handbook for Refugee Parents

ဒုက္ခသည်မိဘများအတွက် ပညာရေးဆိုင်ရာ လက်ကိုင်စာအုပ
အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ © **2006** မှထုတ်လုပ်သည်။

# ကျေးဇူးတင်လွှာ

ဤလမ်းညန်လက်စွဲစာအုပ်တွင်ပါရှိသည့်အရာအပိုင်းများကို Boise ပြည်နယ်လွတ်လပ်ရေးကျောင်း ၏မိဘလက်စွဲစာအုပ်၊ ရေးသားသူ Mike Stoy၊ Dr. Ann Farris နှင့် Molly Jo de Fuentealba (ပညာရေးဘွဲ့လွန်) တို့မှထုတ်နုတ်ထားပါသည်။

အောက်ပါပုဂ္ဂိုလ်တစ်ဦးချင်း (Dr. Ann Farris၊ Sue Fornander၊ Diane Goicoechea Price၊ Stacy Curtain၊ Colleen Krause၊ Brenda Bednar၊ Beatrice Uzemureba၊ Akuot De Dut၊ Carla Sandine၊ Cara Winters၊ နှင့် Kristy Gladfelter) တို့အားလည်း ဤလမ်းညွှန်လက်စွဲစာအုပ်ပြုလုပ်ရာတွင် ၎င်းတို့၏ထည့်သွင်းစဉ်းစားပေးမှု၊ ကူညီပေးမှုတို့အားအထူးကျေးဇူးတင်ရှိပါသည်။

အောက်ပါပြန်လည်နေရာချထားရေးရုံးခန်းမှဝန်ထမ်းများ (Leslye Boban နှင့် IRC Boise; Susan Donovan၊ Mirna Dickey နှင့် IRC Charlottesville; Ellen Beattie၊ SpencerHall၊ Chris Morris နှင့် IRC Atlanta) တို့အားလည်း ဤလမ်းညွှန်လက်စွဲစာအုပ်သုတေသနပြုလုပ်ရာတွင် ၎င်းတို့၏ ကူညီထောက်ပံ့မှုတို့အားလည်းအထူးကျေးဇူးတင်ရှိပါသည။

## မာတိကာစာရင်းများ


**I. မိဘများ၏ပညာရေးဆိုင်ရာစည်းမျဉ်းနှင့် တာဝန်ဝတ္တရားများ ..... 1**

**II. အမေရိကန် ကျောင်းပညာရေးစနစ် ..... 4**

1. ကလေးများမည်သည့်ကျောင်းသို့သွားသင့်သလဲ? ..... 4
2. ကလေးများမူလတန်းကြိုကျောင်းတွင်ဘာတွေလေ့လာသလဲ? ..... 4
3. ကလေးများသူငယ်တန်းတွင်ဘာတွေလေ့လာသလ? ..... 5
4. ကလေးများအခြေခံပညာမူလတန်းတွင်ဘာတွေလေ့လာသလ? ..... 5
5. ကလေးများအလယ်တန်းနှင့်ဂျူနီယာအထက်တန်းတွင်ဘာတွေလေ့လာသလ? ..... 6
6. ကလေးများအထက်တန်းတွင်ဘာတွေလေ့လာသလ? ..... 7
7. ကလေးများကောလိပ်တွင်ဘာတွေလေ့လာသလ? ..... 9
8. ကျွန်ုပ်၏ကလေးအထက်တန်းမပြီးလျှင်ဘာဖြစ်မလဲ? ..... 9
9. ကျွန်ုပ်၏ကလေးလေ့လာနေသောစာများကို ကျွန်ုပ်နားမလည်လျှင်ဘာဖြစ်မလဲ? ..... 10
10. တခါတရံ၊ ကျောင်းမှကလေးအားသင်ကြားမှုကို ကျွန်ုပ်သဘောမတူခံစားရသည်။ကျွန်ုပ်ဘာလုပ်နိုင်သလ? ..... 10
11. ကျွန်ုပ်၏ကလေးအင်္ဂလိပ်စာလေ့လာရန် ကျောင်းမှဘယ်လိုအကူအညီပေးနိုင်သလဲ? ..... 11
12. အကယ်၍ကျွန်ုပ်၏ကလေးသည်အချိန်ပို သို့ အထူးလိုအပ်ချက်ရှိပါကကျောင်းမှဘာလုပ်ပေးနိုင်သလ? ..... 11
13. တစ်ဦးချင်းစီ၏ပညာရေးအစီအစဉ်(IEP) ဆိုတာဘာလ? ..... 12
14. ကျွန်ုပ်၏ကလေးကအလွန်တော်တယ်၊ ကျွန်ုပ်၏ကလေးသင်ယူနိုင်သောအထူးစာသင်ခန်းများရှိသလား? ..... 12

**III. ကျောင်းပြက္ခဒိန်နှင့် ကျောင်းတက်နေ့ရက်များ ..... 13**

1. ကလေးဘယ်အချိန်ကျောင်းသို့သွားသလ? ..... 13
2. ကလေးဘယ်အချိန်ကျောင်းမှအိမ်တွင်နေသလ? ..... 13
3. ကလေးဘယလိုကျောင်းသို့သွားသလ? ..... 14
4. ကျောင်းမှာကလေးနေ့လည်စာဘာစားသလဲ? ..... 14

**IV. ကျောင်း၏လုပ်ဆောင်ချက်လုပ်ငန်းများ ..... 15**

1. အရေးပေါ်ဆက်သွယ်ရန်ကတ်ပြားကဘာလဲ? ..... 15
2. စကားပြန်တစ်ဦးအားမည်သို့မေတ္တာရပ်ခံနိုင်သလဲ? ..... 16
3. ကျွန်ုပ်၏ကလေးကျောင်းတက်ရန်အရမ်းဖျားချိန်ကဘယ်အချိန်လဲ? ..... 17
4. ကျွန်ုပ်၏ကလေးကျောင်းတက်ရန်အရမ်းဖျားနေလျှင်ဘာလုပ်ရမလ? ..... 17
5. ကျွန်ုပ်၏ကလေးကျောင်းမှာဆေးသောက်ရန်လိုအပ်လျှင်ဘာလုပ်ရမလ? ..... 18
6. ကျွန်ုပ်၏ကလေးကျောင်းမှာဖျားနာနေလျှင်ဘာလုပ်ရမလ? ..... 18
7. ကျွန်ုပ်၏ကလေးကျောင်းတက်နောက်ကျလ|င်ဘာလုပ်ရမလ? ..... 19
8. ဆရာဝန်နှင့်နံနက်စောစောတွေ့ရန်ကျွန်ုပ်၏ကလေးကျောင်းမှခွင့်ယူလိုလျှင်ဘာလုပ်ရမလ? ..... 19
9. ကျွန်ုပ်၏ကလေးကျောင်းသို့ကျွန်ုပ်သွားနိုင်သလား? ..... 19
10. ကျောင်းမှ ကျွန်ုပ်ထံပို့လိုက်သောစာရွက်စာတမ်းတွေကဘာတွေလဲ? ..... 20
11. အစီရင်ခံစာကတ်ပြားဆိုတာဘာလဲ? ..... 21
12. ဆရာများကျောင်းသား၏အဆင့်ကိုမည်သို့ရွေးချယ်သလဲ? ..... 22
13. တိုးတက်မှုမှတ်တမ်းအစီရင်ခံစာမ|ားကဘာလဲ? ..... 22
14. ကျောင်းမှာတစ်ခုခုအတွက်ကျွန်ုပ်ပေးရန်ရှိသလား? ..... 22

15. ကျွန်ုပ်မှာမေးခွန်းများရှိလျှင်မည်သူ့အားပြောဆိုနိုင်သလဲ? ... 23

**V. မိဘများပးပေါင်းပါဝင်ခြင်း ... 24**

1. ကျွန်ုပ်ကလေး၏ကျောင်းမှ အလုပ်အတွက်ကျွန်ုပ်ဘယ်လိုမျှော်လင့်ချက်များထားနိုင်သလဲ? ... 24
2. ကျောင်းပတ်ဝန်းကျင်နှင့်အသားကျအောင်ပြုလုပ်ခြင်းဆိုတာဘာလဲ? ... 25
3. မိဘ–ဆရာညှိနှိုင်းဆွေးနွေးပွဲဆိုတာဘာလ? ... 26
4. ကျောင်းပြီးချိန်လုပ်ဆောင်မှုများကဘာတွေလဲ? ... 28
5. ကျောင်း၏ဆောင်ရွက်လှုပ်ရှားမှုများကဘာတွေလဲ? ... 30
6. ကျွနပ်၏ကလေးကိုအိမ်၌မည်သို့ကူညီပေးနိုင်သလဲ? ... 30
7. ကျွန်ုပ်အင်္ဂလိပ်စကားကောင်းကောင်းမပြောနိုင်လျှင်ကျွန်ုပ်ကလေး၏အိမ်စာအတွက်မည်သို့ကူညီနိုင်သလဲ? ... 31
8. ကျောင်းသားကောင်းတစ်ယောက်ဖြစ်စေရန်ကျွန်ုပ်၏ကလေးအားအခြားမည်သို့ကူညီနိုင်သလဲ? ... 33

**VI. ကျောင်း၏စည်းမျဉ်းစည်းကမ်းများနှင့်နည်းလမ်းများ ... 35**

1. ကျွန်ုပ်၏ကလေးသည်ဘာကြောင့်စည်းကမ်းလိုက်နာရန်လိုသလဲ? ... 35
2. ကျွန်ုပ်၏ကလေးသည်စည်းကမ်းမလိုက်နာပါကဘာဖြစ်မလ? ... 35
3. ကျောင်းမှာအခြားစည်းကမ်းတွေကဘာတွေလဲ? ... 35
4. တားမြစ်ထားသည့်အရာတွေကဘာတွေလဲ? ... 36
5. တခြားဘယ်အရာတွေကိုခွင့်မပြုသလဲ? ... 37
6. ကျွန်ုပ်၏ကလေးစည်းကမ်းဖောက်သည်ကိုကျွန်ုပ်မည်သို့သိနိုင်သလဲ? ... 38
7. စည်းမျဉ်းစည်းကမ်းလုပ်ဆောင်ချက်ဆိုတာဘာလဲ? ... 38
8. ကျောင်းမှခဏတစ်ဖြုတ်ရပ်နားခြင်းဆိုတာဘာလဲ? ... 38
9. ဆရာမှအထူးအခွင့်အရေးများနုတ်လိုက်ပါကဘာဖြစ်မလဲ? ... 39
10. ကလေးအားကျောင်းအုပ်ကြီး၏ရုံးခန်းသို့ပို့လိုက်ပါကဘာဖြစ်မလဲ? ... 39
11. ပြစ်ဒဏ်ပေးခြင်းဆိုတာဘာလဲ? ... 39
12. ဆင်းငံ့ခြင်းဆိုတာဘာလ? ... 39
13. ထုတ်ပယ်ခြင်းဆိုတာဘာလ? ... 40

**VII. ကောလိပ်အတွက်ပြင်ဆင်ခြင်း ... 41**

1. ကောလိပ်ဆိုတာဘာလဲ? ... 41
2. အလုပ်တစ်ခုရရန်အတွက် ကျွန်ုပ်၏ကလေးအားကောလိပ်ပို့ရန်လိုသလား? ... 41
3. ကောလိပ်ဟာဘာကြောင့်အရေးကြီးသလဲ? ... 42
4. ကောလိပ်အား ကျွန်ုပ်၏ကလေးမည်သို့လျှောက်နိုင်သလဲ? ... 42
5. အထက်တန်းကျောင်း၏အမှတ်စာရင်းဆိုတာဘာလဲ? ... 42
6. SAT နှင့် ACT ရမှတ်ဆိုတာဘာလဲ? ... 43
7. ရေးသားခြင်းနမူနာဆိုတာဘာလဲ? ... 43
8. လျှောက်လွှာကြေးကဘယ်လောက်လဲ? ... 44
9. ကျွန်ုပ်၏ကလေးကငွေစာရွက်စာတမ်းများကိုကောလိပ်သို့ပို့ပြီးပါကဘာဖြစ်မလဲ? ... 44
10. ဝင်ခွင့်ပြုဌာနမှလျှောက်လွှာကိုဘယ်လိုကြည့်ရှုသလဲ? ... 45
11. ကျွန်ုပ်၏ကလေးကျောင်းမလက်ခံလျှင်ဘာဖြစ်မလဲ? ... 45
12. ကျွန်ုပ်၏ကလေးမှန်ကန်သောကောလိပ်ကိုမည်သို့ရွေးချယ်နိုင်သလဲ? ... 45

13. ကောလိပ်တွင်ဘယ်လောက်ကုန်ကျသလဲ? ........ 46
14. ကောလိပ်အတွက်ကျွန်ုပ်တို့မည်သို့ပေးနိုင်သလဲ? ........ 47
15. ထောက်ပံ့ကြေး သို့ ပညာသင်ဆုကြေးဆိုတာဘာလဲ? ........ 47
16. အလုပ်လေ့လာခြင်းဆိုတာဘာလဲ? ........ 47
17. ချေးငွေဆိုတာဘာလဲ? ........ 48
18. ကျွန်ုပ်၏ကလေးငွေကြေးအထောက်အကူမည်သို့ရနိုင်သလဲ? ........ 48
19. ကောလိပ်အကြောင်း ကျွန်ုပ်၏ကလေးနှင့်မည်သို့စတင်ပြောနိုင်သလဲ? ........ 49
FAFSA ပြည့်စုံရန်အဆင့်များ ........ 50
ငွေကြေးအထောက်အကူဆိုင်ရာဆောင်ရွက်ရန်စာရင်းများ ........ 51

**နောက်ဆက်တွဲစာမျက်နှာများ – ဆက်သွယ်ရေး ........ 53**

နောက်ဆက်တွဲ 1: စကားပြန်အတွက်မေတ္တာရပ်ခံခြင်း ........ 54
နောက်ဆက်တွဲ 2: စကားပြန်အတွက်မေတ္တာရပ်ခံခြင်း (စာ) ........ 55
နောက်ဆက်တွဲ 3: ကျောင်းဆရာ/ကျောင်းအမှုထမ်းနှင့်တွေ့ဆုံရန်မေတ္တာရပ်ခံခြင်း ........ 58
နောက်ဆက်တွဲ 4: ကျောင်းပျက်ကွက်ခွင့်တောင်းခံခြင်း ........ 60
နောက်ဆက်တွဲ 5: ကျောင်းပျက်ကွက်ခွင့်တောင်းခံခြင်း (စာ) ........ 62
နောက်ဆက်တွဲ 6: နေမကောင်းသည့်ကလေးအတွက်ကျောင်းမှဆေးခွင့်ယူရန်လိုအပ်ချက်များ ........ 64
နောက်ဆက်တွဲ 7: နောက်ကျခွင့်တောင်းခံခြင်း ........ 66
နောက်ဆက်တွဲ 8: နောက်ကျခွင့်တောင်းခံခြင်း (စာ) ........ 68
နောက်ဆက်တွဲ 9: ကျောင်းစောလွှတ်ခွင့်တောင်းခံခြင်း ........ 70
နောက်ဆက်တွဲ 10: လစဉ်ကြေး သို့ အခမဲ့နေ့လည်စာအတွက်မေတ္တာရပ်ခံခြင်း ........ 72
နောက်ဆက်တွဲ 11: မိသားစုအင်္ဂလိပ်စာလေ့လာရန်အတွက်မေတ္တာရပ်ခံခြင်း ........ 74

# I. မိဘများ၏ပညာရေးဆိုင်ရာ စည်းမျဉ်းနှင့်တာဝန်ဝတ္တရားများ

## မိဘများမှာ အခွင့်အရေးများရှိသည် –



သင်၏ကလေးကျောင်း၌မည်သို့ပြုလုပ်နေသည်ကိုသိရန်



သင်၏ကလေးအားမည်သည့်ကျောင်းအစီအစဉ်နှင့်လုပ်ဆောင်ချက်များသည်ကူညီနိုင်သည်ဆိုတာသိရန်



သင့်ကလေး၏အိမ်စာအတွက်ဆရာများနှင့်တွေ့ရန်




သင်၏ကလေးကျောင်း၌ဒုက္ခရောက်နေလျှင်ကျောင်းမှ မည်သို့တုံ့ပြန်သည်ကိုသိရန်



သင်၏ကလေးကျောင်း၌ဘာတွေလေ့လာသည်ကိုသိရန်



ကျောင်းတွေ့ဆုံမှုများသွားရန်



သင်၏ကလေးကျောင်းသင်ခန်းစာများ၌ အမြင်၊ အကြားသို့ လေ့လာရနအတွက်ခက်ခဲမှုရှိလျှင် ကျောင်းမှအကူအညီတောင်းခံရန်



သင့်ကလေး၏ဆရာများနှင့်ပြောဆိုပြီးအကူအညီတောင်းခံရန်



အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

## မိဘများ၏ပညာရေးဆိုင်ရာစည်းမျဉ်းနှင့်တာဝန်ဝတ္တရားများ



သင်လက်မှတ်မထိုးမီ ကျောင်း
မှစာရွက်စာတမ်းများမည်သို့
အဓိပ္ပါယ်ရသည်ဆိုတာသိရန်



သင့်ထံ၌ငွေအမြောက်အ
များမရှိလျှင်လစဉ်ကြေး
နှင့် အခမဲ့နေ့လည်စာ
အစီအစဉ်အတွက်
လျှောက်ထားရန်

## မိဘများသည် တာဝန်ဝတ္တရားများရှိသည် –

**သင်၏ကလေးဖျားနာနေစဉ်မှလွဲ၍၊ ကျောင်းသို့နေ့စဉ်သွားသည်ဆိုတာသေချာပါစေ။**



သင်၏ကလေးဖျားနာနေပါက၊ ကျောင်းသို့မပို့ပါနှင့်။ အိမ်မှာပဲထားပါ။

သင်၏ကလေးဖျားနာနေပါက၊ ကျောင်းသို့ဖုန်းခေါ်ရန်လိုအပ်ပါသည်။ ကျောင်းမှအတွင်းရေးမှူးအား သင့်ကလေးကျောင်းမလာဘူးဆိုသည်ကို ပြောဆိုအကြောင်းကြားပါ။

**သင်၏ကလေး အိမ်စာနေ့စဉ်ပုံမှန်လုပ်သည်ဆိုတာသေချာပါစေ။**



**သင်၏ကလေးမှာ သေချာနေပါစေ –**

သန့်ရှင်းသည်



အစာကျွေးသည်



သန့်ရှင်းသည့်အဝတ်များ
ဝတ်ဆင်သည်



အိမ်ရေးဝလင်စွာအိပ်သည်





အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

**မိဘများ၏ပညာရေးဆိုင်ရာစည်းမျဉ်းနှင့်တာဝန်ဝတ္တရားများ**

သင်၏ကလေး ကျောင်းတွင်မည်သို့ပြုမူရမည်နှင့် ဆရာမှချမှတ်ထားသော စည်းကမ်းများကို မည်သို့လိုက်နာရမည် ဆိုတာ နားလည်နေစေရန် သေချာနေပါစေ။



ကျောင်းတွင်ကလေးများ
အတန်းလိုက်ရပ်ပြီး
အတူတကွလမ်း
လျှောက်ရမည်။



ကလေးများဆရာစကား
နားထောင်ပြီးဆရာပြော
သလိုလုပ်ဆောင်ရမည်။



ကလေးများ စကားပြော
ဆိုရန်အတွက်လက်
ထောင်ရမည်။



ကလေးများကျောင်းမှ
ပစ္စည်းမခိုးရ။



ကလေးများထိုးနှက်ခြင်း
သို့ ရန်ဖြစ်ခြင်း မပြုရ။



ကလေးများအခြား
ကလေးများအား
မခြောက်လှန့်ရ။



ကလေးများ
ညစ်ညမ်းသော
စကားလုံးမသုံးရ။



ကလေးများ
အခြားသူများနှင့်
အတူအလုပ်လုပ်ရမည်။



ကလေးများ
အတန်းသို့အချိန်မှန်
လာရမည်။



ကလေးများအိမ်စာများ
ပြီးစီးရမည်ဖြစ်ပြီး
ကျောင်းသို့ပြန်လည်
ယူဆောင်ရမည်။

# II. အမေရိကန် ကျောင်းပညာရေးစနစ်



ကျောင်းသားတိုင်းကျောင်းသို့သွားရန်အခွင့်အရေးရှိသည်။ မည်သူတစ်ဦးကမျှ သင် သို့ သင်၏ကလေးအား အများပင်ဖြစ်သော အခြေခံပညာမူလတန်း၊ အလယ်တန်း၊ ဂျူနီယာအထက်တန် း သို့ အထက်တန်းကျောင်းများသို့ မသွားရန် မပိတ်ပင်နိုင်ပါ။

## *1. ကလေးများမည်သည့်ကျောင်းသို့သွားသင့်သလဲ?*

ကလေးများ၏အသက်အရွယ်အမျိုးမျိုးအတွက် ကျောင်းများစွာရှိသည်။ ကျောင်းပုံစံများမှာ –

- မူလတန်းကြိုကျောင်း
- အခြေခံပညာမူလတန်း
- အလယ်တန်း သို့ ဂျူနီယာအထက်တန်းကျောင်း
- အထက်တန်းကျောင်း
- ကောလိပ်
- အသက်မွေးမှုပညာသင်ကျောင်း

ကျောင်းများသည် အများပိုင် သို့ ပုဂ္ဂလိကပိုင် ဖြစ်နိုင်သည်။ ပုဂ္ဂလိကပိုင်ကျောင်းများသည် ငွေအမြောက်အမြား ကုန်ကျနိုင်သည်။

ကလေးများသည်ကျောင်းများ၌နှစ်စဉ် အရာအသစ်များသင်ယူလေ့လာသည်။ ကလေးများသည် သင်ခန်းစာများ သို့ ဘာသာရပ်များ သင်ယူသည်။ (ဘာသာရပ်များသည် စာသင်ခန်း၏ အခြားစကားလုံးများဖြစ်သည်။) ကလေးငယ်များသည် သင်ခန်းစာအရေအတွက်အနဲငယ်သာယူသည်။ ကလေးကြီးများသည် သင်ခန်းစာအရေအတွက်ပိုယူကြသည်။

ကလေးများသည်ကျောင်းများ၌နှစ်စဉ် ဘာသာရပ်တူများသင်ယူလေ့လာနိုင်သည်၊ သို့သော် နှစ်တိုင်းနှစ်တိုင်း စာသင်ခန်းများသည် ပိုပြီးခက်ခဲလာသည်။ ဥပမာ၊ သင်၏ကလေးသည် ရိုးရှင်းသောသင်္ချာကဲ့သို့ $5 + 0 = 5$ ကိုလေ့လာသည်။ အသက်ကြီးသောကလေးများသည် ပို၍ရှုတ်ထွေးသောအက္ခရာ သင်္ချာကဲ့သ. $5x + 10 = 5$ ကိုကျွမ်းကျင်စွာလေ့လာနိုင်သည်။

## *2. ကလေးများမူလတန်းကြိုကျောင်းတွင် ဘာတွေလေ့လာသလဲ?*



**မူလတန်းကြိုကျောင်း** သည်အသက် 3 သို့ 4 နှစ်ကလေးများအတွက်ဖြစ်သည်။ မူလတန်းကြိုကျောင်းတွင်၊ ကလေးများသည် ကျောင်းစည်းကမ်းများကိုမည်သို့လိုက်နာရန်သင်ယူကြသည်။ ကလေးများသည်မည်သို့ဖတ်ရန်၊ ရေးရန်၊ နားလည်ရန်နှင့် အင်္ဂလိပ်စကားပြောဆိုရန်အကူအညီပေးသည့်လုပ်ဆောင်မှုများတွင်ပါဝင်ကြသည်။ မူလတန်းကြိုကျောင်းသည် လိုအပ်ချက်မဟုတ်ပဲ ကလေးတိုင်း မူလတန်းကြိုကျောင်း သို့သွားနိုင်သည်။



အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

## *3. ကလေးများသူငယ်တန်းတွင်ဘာတွေလေ့လာသလဲ?*



**သူငယ်တန်း** သည်အသက် 4 သို့ 5 နှစ်ကလေးများအတွက်ဖြစ်သည်။ သူငယ်တန်းသည် တပတ်တွင် 5 ရက်ဖြစ်သည်။ ဤကျောင်းသည် တနေ့လုံး သို့ နေ့ဝက်ကျောင်းဖြစ်သည်။ သူငယ်တန်းတွင်၊ဆရာများသည်ကလေးများအခြေခံကျွမ်းကျင်ရန်နှင့် စရိုက်ကောင်းများလေ့လာရန်ကူညီပေးသည်။ စရိုက်ကောင်းဆိုသည်မှာကလေးများ ကျောင်းစည်းကမ်းများကိုလိုက်နာခြင်းဖြစ်သည်။ သူငယ်တန်းနှစ်အပြီးတွင်ကလေးများသည် ABC များ၊နံပါတ်များနှင့်အရောင်များကို သိသင့်သည်။

## *4. ကလေးများအခြေခံပညာမူလတန်းတွင်ဘာတွေလေ့လာသလဲ?*



**မူလတန်းကျောင်း** သည်အသက် 5, 6, 7, 8, သို့ 9 နှစ်ကလေးများအတွက်ဖြစ်သည်။ ကလေးများသည်တပတ်တွင် 5 ရက်ကျောင်းတကရသည်။ မူလတန်းကျောင်းကလေးများသည်အိမ်စာရှိသည်။ ၄င်းသည်ကလေးများအိမ်တွင်လုပ်ရမည်ဖြစ်သည်။ မူလတန်းကျောင်းများသည်အခမဲ့ဖြစ်သည်။

**မူလတန်းကျောင်း** တွင်၊ ကလေးများ အင်္ဂလိပ်စာနှင့် သင်္ချာကိုနေ့စဉ်လေ့လာရသည်။ ထို့အပြင်၊ မည်သို့ဖတ်ပြီးရေးရမည်ဆိုတာကိုသူတို့လေ့လာကြသည်။




သင်၏ကလေးသည် မည်သည့်နံပါတ်ကဘာဆိုလသည်နှင့်နေ့စဉ်မည်သို့အသုံးချရမည်ဆိုတာကိုလေ့လာလိမ့်မည်။

မူလတန်းကျောင်းများတွင် ကလေးများသည် တပတ်တွင် 2 – 5 ကြိမ်လေ့လာကြသည် –



**ကျန်းမာရေး။** ကျန်းမာရေးဆိုသည်မှာ သင်၏ကိုယ်ခန္ဓာအားကောင်းစွာမည်သို့ထိန်းခြင်းဖြစ်သည်။ ၄င်းသည် သင်နေမကောင်းဖြစ်ပါက၊ ဘာစားပြီးဘယ်လိုနေကောင်းစေရန်နေရန်ဖြစ်သည်။

**သိပ္ပံပညာ။** သိပ္ပံပညာဆိုသည်မှာ အရာများမည်သို့အလုပ်လုပ်သည်ကို လေ့လာခြင်းဖြစ်သည်။

**လူမှုရေးဘာသာရပ်။** လူမှုရေးဘာသာရပဆိုသည်မှာ သမိုင်း၊ ကမ္ဘာမြေကြီး၊ ဘာသာရေးနှင့် လူတို့အကြောင်းလေလာခြင်းဖြစ်သည်။

မူလတန်းကျောင်းများတွင် ကလေးများသည် တပတ်တွင် 1 – 2 ကြိမ်သွားလေ့လာကြသည် –

**အနုပညာ။** အနုပညာသင်ခန်းစာတွင်၊ ကလေးများသည်အရာများ မည်သို့ပြုလုပ်သည်ကိုလေ့လာကြသည်။ အနုပညာသည်သင်၏ကလေးသေးငယ်သောမော်တာများကျွမ်းကျင်စွာပြုလုပ်ရန်ကူညီသည်—ဆိုလိုသည်မှာအရေးအသားတိုးတက်စေနိုင်သည်။



**အားကစား။**အားကစားသည်ကလေးများအားကစားလေ့ကျင့်ရန်နှင့်ကစားရန်အချိန်ဖြစ်သည်။





အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

**စာကြည့်တိုက်။**
စာကြည့်တိုက်သည်ကလေးများ စာအုပ်များဖတ်နိုင်ရန်ဖြစ်သည်။



စာကြည့်တိုက်၌ ကလေးများ ကွန်ပျူတာလည်း သုံးနိုင်သည်။



**တေးဂီတ။** ကလေးများသည်တူရိယာများမည်သို့ တီးမှုတ်ရန်၊ သီဆိုရန်နှင့် အတူတကွအလုပ်လုပ်ရန် လေ့လာခြင်းဖြစ်သည်။



## 5. ကလေးများအလယ်တန်းနှင့် ဂျူနီယာအထက်တန်းတွင်ဘာတွေလေ့လာသလဲ?



**အလယ်တန်းနှင့် ဂျူနီယာအထက်တန်းကျောင်း** သည် အသက် 10, 11, 12, 13 သို့ 14 နှစ်ကလေးများအတွက်ဖြစ်သည်။ ကလေးများသည်တပတ်တွင် 5 ရက်ကျောင်းတက်ရသည်။ ကလေးများသည် အိမ်စာရှိသည်။ အလယ်တန်းနှင့် ဂျူနီယာအထက်တန်းကျောင်းများသည်အခမဲ့ဖြစ်သည်။

**အလယ်တန်းနှင့် ဂျူနီယာအထက်တန်းကျောင်း** တွင်ကလေးများသင်ယူရသည် –

- အင်္ဂလိပ်စာ – အဖတ်နှင့်အရေး
- ကျန်းမာရေး
- သိပ္ပံပညာ
- လူမှုရေးဘာသာရပ်
- အခြားဘာသာစကားများ၊ စပိန် သို့ ပြင်သစ်ကဲ့သို့ ဘာသာစကားများ
- တေးဂီတ
- သင်္ချာ
- ကွန်ပျူတာများ
- အနုပညာ
- အားကစား

ဂျူနီယာအထက်တန်းကျောင်းများသည်သင်၏ကလေးအတွက်ခက်ခဲပါက၊ ဆရာမအားအချိန်ပိုကူညီပေးရန်တောင်းဆိုနိုင်သည်။ လမ်းညွှန်အကြံပေးပုဂ္ဂိုလ်အားလည်းပြောဆိုတိုင်ပင်နိုင်သည်။ လမ်းညွှနအကြံပေးပုဂ္ဂိုလဆိုသည်မှာ သင်၏ကလေးများ ကျောင်းသားကောင်းဖြစ်ရန်ကူညီပေးသူဖြစ်သည်။ လမ်းညွှန်အကြံပေးပုဂ္ဂိုလသည် သင်၏ကလေးကောလိပ် သို့ အလုပ်လုပ်ရန်အတွက်လည်း ကူညီပေးနိုင်သည်။

## 6. *ကလေးများအထက်တန်းကျောင်းတွင်ဘာတွေလေ့လာသလဲ?*



**အထက်တန်းကျောင်း** သည် အသက် 15, 16, 17, သို့ 18 နှစ်ကလေးများအတွက်ဖြစ်သည်။ ပြည်နယ်အတော်များများတွင်၊ ကလေးများသည် အသက် 16 နှစ်အထိ ကျောင်းတက်ရသည်။ အထက်တန်းကျောင်းများသည် ကလေးများ အလုပ်ကောင်း သို့ကောလိပ်တက်ရန်ကူညီရှာပေးသည်။ အထက်တန်းကျောင်းအတော်များများသည်အခမဲ့ဖြစ်သည်။



သင်၏ကလေးအထက်တန်းကျောင်းပြီးရန်အရေးကြီးသည်၊ သို့မှ သူ/သူမသည်လစာပေးကောင်းသော အလုပ်ရနိုင်သည်။ ထို့အပြင်၊ သင်၏ကလေးသည် ကောလိပ်ကျောင်းတက်ရန်အထက်တန်းကျောင်းဒပလိုမာလိုသည်။ ဒပလိုမာဆိုသည်မှာသင်၏ကလေးအထက်တန်းကျောင်းပြီးစီးကြောင်းပြသသော စာရွက်စာတမ်းဖြစ်သည်။

အထက်တန်းကျောင်းတွင်၊ ကလေးများ သင်ယူရန်လိုသောသင်ခန်းစာများစွာရှိသည်။ ၄င်းတို့ကိုမယူမနေရသင်ခန်းစာများဟုခေါ်သည်။ ကျောင်းသားများသည် ယင်းသင်ခန်းစာများကို အထက်တန်းကျောင်းပြီးရန်အောင်မြင်ဖို့လိုသည်။ အင်္ဂလိပ်နှင့် သင်္ချာတို့သည်မယူမနေရသင်ခန်းစာများဖြစ်သည်။

အထက်တန်းကျောင်းတွင်၊ ကလေးများ သင်ယူချင်လိုသောသင်ခန်းစာများကိုလည်းရွေးချယ်ခွင့်ရှိသည်။ ၄င်းတို့ကိုရွေးချယ်သင်ခန်းစာများဟုခေါ်သည်။

အထက်တန်းကျောင်းတွင်၊ သင်ခန်းစာများသည် အခြေခံ သို့ အဆင့်မြင့်များဖြစ်နိုင်သည်။ အခြေခံသင်ခန်းစာများသည်လွယ်ကူသော သင်ခန်းစာများဖြစ်သည်။ အဆင့်မြင့်သင်ခန်းစာ များသည်ပိုပြီးခက်ခဲသော သင်ခန်းစာများဖြစ်သည်။

အထက်တန်းကျောင်းသားများသည် အောက်ပါသင်ခန်းစာများသင်ယူနိုင်သည် –

**ရသစာပေ** သည် ကဗျာ၊ စာစီစာကုံး၊ အS်ပွတနှင့် စိတ်ကူးယဉ်ဝS်များကို လေ့လာခြင်းဖြစ်သည်။



**သိပ္ပံပညာ** သည်အရာများ မည်သို့ပြုလုပ်သည်ကို လေ့လာခြင်းဖြစ်သည်။



**အမေရိကန်သမိုင်း**သည် အမေရိကန်နိုင်ငံ၏သမိုင်းကိုလေ့လာခြင်းဖြစ်သည်။



**ကမ္ဘာ့သမိုင်း**သည်ကမ္ဘာ၏သမိုင်းကိုလေ့လာခြင်းဖြစ်သည်။





အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

**စီးပွားရေး** သည၊ကုမ္ပဏီများ၊ လူမှုရေးစီမံအုပ်ချုပ်မှုနှင့် ငွေရရန်ပြုလုပ်ခြင်းကိုလေ့လာခြင်းဖြစ်သည်။



**အနုပညာ** သည ဆေးရောင်ချယ်ခြင်း၊ ပံဆွဲခြင်းနှင့် ဓါတ်ပုံပညာကိုလေ့လာခြင်းဖြစ်သည်။



**လူမှုရေး** သိပ္ပံ သည်လူများ၏အကြောင်းကိုလေ့လာခြင်းဖြစ်သည်။



**ကွန်ပျူတာနှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ**



**ဘာသာစကားများ** – ပြင်သစ်ကဲ့သို့




**အသုံးချနည်းပညာ** သည် အရာများအလုပ်လုပ်ရန်မည်သို့ပြုလုပ်သည၊ကို လေ့လာခြင်းဖြစ်သည်။



**မိသားစုနှင့် လူသုံးကုန်ဆိုင်ရာပညာ** သည်ကျသင ငွေပြေစာများမည်သို့ပေးဆောင်ရန်နှင့် သင့်မိသားစုလိုအပ်သောအရာများရရှိဖို့သေချစေရန်ပြုလုပ်ခြင်းဖြစ်သည်။



10 တန်းနှင့် 11 တန်းအဆင့်တို့တွင် (သင်၏ကလေးအသက် 16 သို့ 17 နှစ်ရှိသောအခါ)၊ သူ/သူမအထက်တန်း ကျောင်းပြီးပါက သင်၏ကလေးဘာလုပ်မည်ဆိုတာစီစဉ်ထားရှိဖို့လိုသည်။ သင်၏ကလေးကောလိပ်သို့သွားမလား? သင်၏ကလေးအလုပ်လုပ်မလား?

အချို့အလုပ်များသည် ကျွမ်းကျင်မှုရှိဖို့လိုပါသည်။ ကျွမ်းကျင်မှုသည် သင်၏ကလေးအလုပ်လုပ်ရန်လေ့လာခြင်းဖြစ်သည်။ အလုပ်အတော်များများသည်ကောလိပ်ပညာရေးလိုအပ်ပါသည်။ ဆိုလိုသည်မှာ၊ သင်၏ကလေးသည် အထက်တန်းကျောင်းနှင့် ကောလိပ်ပညာရေးပြီးရမည်ဖြစ်သည်။မည်သည့်ကောလိပ်သည် သူ/သူမအလိုရှိသော ကျွမ်းကျင်မှုကို သင်ကြားပေးမည်ဆိုတာ သင်နှင့်သင်၏ကလေးသိထားရန်လိုအပ်ပါသည်။


အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

လမ်းညွှန်အကြံပေးပုဂ္ဂိုလသည် သင်၏ကလေးကောလိပ် သို့အလုပ်လုပ်ရန်စီစဥ်မှုအတွက် ကျောင်း၌ကူညီပေးနိုင်သည်။ သင်၏ကလေးသည် လမ်းညွှန်အကြံပေးပုဂ္ဂိုလနှင့် ဆွေးနွေးတွေ့ဆုံရန် အချိန်ဇယားဆွဲနိုင်သည်။ သင်လည်းပဲထိုဆွေးနွေးပွဲသို့သွားနိုင်သည်။

## *7. ကလေးများကောလိပ်တွင်ဘာတွေလေ့လာသလဲ?*

ကောလိပ်သည် အထက်တန်းကျောင်းပြီးပြီး ဒီပလိုမာရရှိထားသူများအတွက်ဖြစ်သည်။ ကောလိပ်ကျောင်းသားများသည်ခက်ခဲသော သင်ခန်းစာများသင်ယူရသည်။ သူတို့သည် လုပ်ငန်းခွင်တွင်လိုအပ်သော ကျွမ်းကျင်မှုများ သင်ယူရသည်။



ဥပမာ ကျောင်းသားတစ်ယောက်သည်ဆရာဝန်ဖြစ်လိုပါက၊ ကျောင်းသားသည် သိပ္ပံပညာကိုသင်ယူသင့်သည်။

## *8. ကျွန်ုပ်၏ကလေးအထက်တန်းမပြီးလျှင်ဘာဖြစ်မလဲ?*

အကယ်၍သင်၏ကလေးအထက်တန်းမပြီးလျှင်၊ အချို့စာသင်ခန်းများသို့သင်၏ကလေးသွားရောက်သင်ယူနိုင်သည်။



ညနေခင်းစာသင်ခန်းများသည် ကလေးနှင့်လူကြီးများအား အလုပ်ပြီးပါက သွားရောက်သင်ကြားခွင့်ပြုသည်။

GED စာသင်ခန်းများသည် အထက်တန်းကျောင်းမပြီးသောသူများအတွက်ဖြစ်သည်။ စာသင်ခန်းများသည် နေ့ခင်းပိုင်းနှင့် ညနေပိုင်းတွင်ဖြစ်သည်။ GED သည် အထက်တန်းကျောင်း ဒီပလိုမာနှင့်တူသည်။ GED တစ်ခုသည် အလုပ်ကောင်းကောင်းရရန် သို့ ကောလိပ်ကျောင်းတက်ရန်အရေးကြီးပါသည်။



သင်၏ကလေးသည် အင်္ဂလိပ်သင်ခန်းစာများလည်းသင်ယူနိုင်သည်။ အကယ်၍သင်၏ကလေးသည် အထက်တန်းကျောင်းမအောင်မြင်ပါက၊ အင်္ဂလိပ်စာကိုသိနားလည်ထားခြင်းသည် လစာပေးကောင်းသော အလုပ်ကို ရှာဖွေရရှိရန် အကူအညီပေးနိုင်သည်။

## *9. ကျွန်ုပ်၏ကလေးလေ့လာနေသောစာများကို ကျွန်ုပ်နားမလည်လျှင်ဘာဖြစ်မလဲ?*

သင်သည်သင့်ကလေး၏ဆရာနှင့်တွေ့ခွင့်ရရန် မေတ္တာရပ်ခံတောင်းဆိုနိုင်သည်။ **(နောက်ဆက်တွဲ 3** တွေ့ခွင့်ရရန်အတွက်မေတ္တာရပ်ခံခြင်းတွင်ကြည့်ပါ**)** သင့်ကလေး၏ဆရာနှင့်တွေ့ဆုံပွဲတွင်၊ သင်၏မေးခွန်းများနှင့် ကလေးနှင့်ပတ်သက်သောအကြောင်းများကို ပြောဆိုပါ။ သင့်ကလေး၏ စာသင်ခန်းနှင့် သင်ခန်းစာများအကြောင်းကို ဆရာအားမေးမြန်းပါ။ အကယ်၍လိုအပ်ပါက၊ စကားပြန်တစ်ယောက်တောင်းဆိုရန်မမေ့ပါနှင့်။

## *10. တခါတရံ၊ ကျောင်းမှကလေးအားသင်ကြားမှုကို ကျွန်ုပ်သဘောမတူ ခံစားရသည်။ ကျွန်ုပ် ဘာလုပ်နိုင်သလဲ?*

သင့်ကလေး၏ ဆရာနှင့်တွေ့ပြီး သင်ခန်းစာများအကြောင်းကို ပြောပြပါ။ တခါတရံ၊ ကလေးများသည် သူတို့ဘာ သင်ယူသည်ဆိုတာနားမလည်ပါ။ ကလေးများသည် သင့်အားမှားယွင်းသည့်အရာများ ပြောဆိုနိုင်သည်။ ဆရာမှ သင့်အားထိုအကြောင်းအရာအားရှင်းပြနိုင်သဖြင့် သင်သည် သင့်ကလေးအား အမှန်ပြင်ပေးနိုင်သည်။

ကလေးများသည် အရာများကို အခြား ကလေးများထံမှလည်းသင်ယူကြသည်။ တခါတရံ အခြားကလေးများထံမှ သူတို့သင်ယူသောအရာများသည် မကောင်းပေ။ သူတို့သည်သင်မကြိုက်သောအပြုအမူနှင့် ညစ်ညမ်းသော စကားလုံးများကို သင်ယူလေ့လာနိုင်သည်။ သူတို့သည် သင့်အားရိုင်းပျမှုပင်ပြနိုင်သည်။

အောက်ပါအချို့အရာတို့ကိုသင်လုပ်နိုင်သည် –

**သင်၏ကလေးနှင့် ကျောင်းအကြောင်း ပြောဆိုပါ။** သင့်ကလေး၏ သင်ခန်းစာများနှင့် သူငယ်ချင်းများအကြောင်းကို လေ့လာပါ။

**သင်၏ပတ်သက်နေသောအကြောင်းအရာများပြောဆိုရန် ဆရာနှင့်တွေ့ဆုံဖို့အချိန်ဇယားဆွဲပါ။** ပတ်သက်နေသောအကြောင်းအရာများသည် သင်၏ပူပန်နေမှုများဖြစ်သည်။

**သူတို့သင်ယူမှုများအားသင်၏ထင်မြင်ချက်များကို သင့်ကလေးအားရှင်းပြပါ။** သင့်ကလေးအား သင်မကြိုက်သော စကားလုံးများနှင့် အပြုအမူများကိုပြောပြထားပါ။

ဥပမာ –

> သား၊ မင်းပြောနေတဲ့စကားတွေဟာ ညစ်ညမ်းတဲ့စကားလုံးတွေဖြစ်တယ်။ ဒလို စကားလုံးတွေ သုံးနေတာကိုငါမကြိုက်ဘူး။ ဒစကားလုံးတွေဟာ ငါ၊ မင့်အမေနဲ့ မင့်အကိုတို့အပေါ်ရိုင်းပျတဲ့ အပြုအမူနဲ့ ပြရာရောက်တယ်။ မင်းဒလို စကားလုံးတေကို ထပ်မသုံးတော့ဘူးလို့မျှော်လင့်ပါတယ်။

**သင်၏ကလေးအား အိမ်၏စည်းကမ်းများအကြောင်း သတိပေးပါ။** သင့်ကလေးအားမည်သို့ပြုမူနေထိုင်ရန်ရှင်းပြပါ။ အကယ်၍ သင်၏ကလေးသည် သင့်စကားကိုမလိုက်နာပါကဘာဖြစ်လိမ့်မယ်ဆိုတာရှင်းပြပါ။

ဥပမာ –

သား၊ ငါမင်းသုံးနေတဲ့စကားလုံးတွေကိုသုံးတာမကြိုက်ဘူး။ ဒါဟာစည်းကမ်းပဲ။ ဒလိုစကားလုံးတွေ မင်းဆက်သုံးနေအုန်းမယ်ဆိုရင်၊ ဒရုံးပိတ်ရက်မှာ မင့်သူငယ်ချင်း တွေနဲ့ဆော့ဘို့ ခွင့်ပြုတော့မယ် မဟုတ်ဘူး။

**သင့်ကလေး၏သူသယ်ချင်းများနှင့် သူတို့၏မိဘများအားတွေ့ဆုံပါ။** မည်သည့်ကလးမှာကောင်းမွန်စွာ ပြုမူဆက်ဆံ သည်နှင့် မည်သည့်ကလးမှာ ကောင်းမွန်စွာမဆက်ဆံသည်တို့ကိုလေ့လာပါ။ အကယ်၍သင်၏ကလေးအားသူတို့နှင့် ကစားစေလိုသလားဆိုတာ သင်ဆုံးဖြတ်နိုင်သည်။

**သင့်ကလေးအားသူ့သူသယ်ချင်းများနှင့်အတူလုံခြုံသောနေရာပေးပါ။** ၎င်းနေရာသည် လူကြီးတစ်ယောက်ရှိနေပြီး သူတို့ကိုစောင့်ကြည့်ရန်နှင့် ညစ်ညမ်းသောအပြုအမူများကို ပြုပြင်ပေးသင့်သည်။ အကယ်၍ ကလေးများကျောင်း ပြီးပါက မည်သည့်နေရာသည်လုံခြုံစွာသွားနိုင်သည့်နေရာဖြစ်သည် ဆိုတာကိုဆရာအားလည်းမေးနိုင်သည်။

## *11. ကျွန်ုပ်၏ကလေးအင်္ဂလိပ်စာလေ့လာရန် ကျောင်းမှဘယ်လိုအကူအညီပေးနိုင်သလဲ?*

အင်္ဂလိပ်စာသင်နေသောကလေးများ ESL (အင်္ဂလိပ်စာအား ဒုတိယဘာသာစကားအဖြစ်) စာသင်ခန်းအတန်းများ တွင်သင်ယူနိုင်သည်။ ESL အတန်းများတွင် ကျောင်းသားများအား အင်္ဂလိပ်စာကို မည်သို့ဖတ်ရန်၊ ရေးရန်နှင့် ပြောဆိုရန် သင်ကြားပေးသည်။ အချို့စာသင်ခန်းများသည် သင်္ချာနှင့် သိပ္ပံ ဘာသာရပ်များပါဝင်သည်။ ကလေးများ သည်သင်္ချာနှင့် သိပ္ပံဘာသာရပ်များကို အင်္ဂလိပ်လိုစကားလုံးများဖြင့် သင်ယူကြသည်။

သင်၏အကြောင်းအရာဆိုင်ရာမန်နေဂျာမှ သင်သည်အမေရိကားတွင် ပထမဆုံးနှစ်စတင်ရောကရှိပါက သင့်ကလေး အား ESL အတန်းများတွင် စာရင်းသွင်းရန် ကူညီပါလိမ့်မည်။ သင့်ကလေးသည် အင်္ဂလိပ်စာစာမေးပွဲဖြေဆိုရ လိမ့်မည်။ စာမေးပွဲသည် ဆရာမအားသင့်ကလေးယူရမည့်အတန်းအတွက် ဆုံးဖြတ်ရာတွင်ကူညီပါလိမ့်မည်။ ESL အတန်းမှ ကျောင်းသားများသည် နှစ်စဉ် အင်္ဂလိပ်စာစာမေးပွဲဖြေဆိုရသည်။

## *12. အကယ်၍ ကျွန်ုပ်၏ကလေးသည်အချိန်ပို သို့ အထူးလိုအပ်ချက်ရှိပါက ကျောင်းမှဘာလုပ်ပေး နိုင်သလဲ?*

အချိန်ပိုကူညီရန်လိုအပ်သောကလေးများအတွက် စာသင်ခန်းများရှိပါသည်။ အကယ်၍ သင့်ကလေးမှာအခက်အခဲဒုက္ခ ရောက်ရှိနေပါက ကျောင်းနှင့်တိုင်ပင်ပါ –

အမြင်




လမ်းလျှောက်ခြင်း





အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

အကြား



သင်ယူလေ့လာခြင်း



ပြောဆိုခြင်း



စည်းကမ်းလိုက်နာခြင်း




အကယ်၍သင်၏ကလေးတွင် အမြင်၊ အကြား၊ ပြောဆိုခြင်း၊ လမ်းလျှောက်ခြင်း၊ သင်ယူလေ့လာခြင်း သို့ ပြုမူဆက်ဆံခြင်း တို့တွင် အခက်အခဲရှိနေပါက သင်လုပ်နိုင်သော အချို့အချက်များရှိပါသည် –

- ဆရာမအားသင့်ကလေးအတွက်သူတို့မည်သို့ကူညီနိုင်သည်ဆိုတာ မေးမြန်းပါ
- သင့်ကလေးအားကူညီရန်အတွက် ဆရာမနှင့် အတူတူအလုပ်လုပ်ပါ
- အကယ်၍လိုအပ်ပါက စကားပြန်အတွက်တောင်းဆိုပါ
- သင့်ကလေး၏ဆရာမမှ သင့်အားပေးသော စာရွက်စာတမ်းများအားလုံးကို သိမ်းထားပါ

## ***13. တစ်ဦးချင်းစီ၏ပညာရေးအစီအစဉ် (IEP) ဆိုတာဘာလဲ?***

တစ်ဦးချင်းစီ၏ပညာရေးအစီအစဉ်ဆိုသည်မှာ  အထူးသင်ယူရန်လိုအပ်ချက်ရှိနေသော ကလေးများအတွက် ဆရာမှ မိဘနှင့်တိုင်ပင်ပြီး စီစဉ်မှုတစ်ခုဖြစ်ပါသည်။  အစီအစဉ်ဟာ ကလေးမှာရှိနေတဲ့အခက်အခဲဖြစ်သော အမြင် သို့ အကြား သို့ အင်္ဂလိပ်စကားကောင်းကောင်းမပြောနိုင်ခြင်း စသည်ကိုအရေးပေးမီးမောင်းထိုးပြရမည်။ အစီအစဉ်မှာ ကလေးအတွက်ကျောင်းနှင့် မိဘတို့မှအပိုလုပ်ပေးနိုင်သော ထောက်ပံ့မှုပေးနိုင်သည့်အရာများကိုလည်း ဖော်ပြပါလိမ့်မည်။

## ***14. ကျွန်ုပ်၏ကလေးကအလွန်တော်တယ်၊ ကျွန်ုပ်၏ကလေးသင်ယူနိုင်သော အထူးစာသင်ခန်းများ ရှိသလား?***

အလွန်တော်သောကလေးများအတွက် စာသင်ခန်းများရှိပါသည်။ ၎င်းအတန်းများမှာပိုရှေ့ခက်ခဲသော အလုပ်များ လုပ်ရသည်။ ကောလိပ်ကျောင်းသားများထို စာသင်ခန်းများကိုယူကြသည်။ အကယ်၍သင်၏ကလေးသည်ထို စာသင်ခန်းများ၌ရှိနေရန်လိုအပ်သည်ဟုသင်ထင်ပါက ဆရာနှင့် တိုင်ပင်ပါ။

# III. ကျောင်းပြက္ခဒိန်နှင့် ကျောင်းတက်နေ့ရက်များ

## *1. ကလေးဘယ်အချိန်ကျောင်းသို့သွားသလဲ?*

ကျောင်းများသည် ဩဂုတ် သို့ စက်တင်ဘာလတွင် စတင်သည်။ ကလေးများကျောင်းသို့ မေ သို့ ဇွန်လထိ သွားကြသည်။ ကျောင်းတက်ရက်သည် 5 သို့ 7 နာရီထိပင်ကြာနိုင်သည်။ ကျောင်းဖွင့်ရက်များသည် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် သောကြာတို့ဖြစ်သည်။ စနေနှင့် တနင်္ဂနွေ တို့တွင် ကျောင်းမဖွင့်ပါ။

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | ကျောင်း | ကျောင်း | ကျောင်း | ကျောင်း | ကျောင်း | |

## *2. ကလေးဘယ်အချိန်ကျောင်းမှအိမ်တွင်နေသလဲ?*

ကလေးများ စနေနှင့် တနင်္ဂနွေ နေ့များတွင် ကျောင်းမသွားကြပါ။

ကလေးအတော်များများသည်နွေရာသီတွင် ကျောင်းမသွားကြပါ။ ဆိုလိုသည်မှာ ကလေးများသည် ဇွန်လကုန်၊ ဇူလိုင်တလလုံး သို့ ဩဂုတ်လအစပိုင်းတွင် ကျောင်းမသွားကြပါ။

နှစ်တစ်နှစ်၏ အထူးနေ့များတွင် ကလေးများသည် ကျောင်းမသွားကြပါ။ ၎င်း အထူးကျောင်းပိတ်နေ့များမှာ –

စက်တင်ဘာလ၏ 1st တနင်္လာနေ့၊ အလုပ်သမားနေ့ .... ကျောင်းမရှိပါ
နိုဝင်ဘာလ၏ 4th ကြာသပတေးနေ့၊ ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကိုချီးကျူးသောနေ့ ..... ကျောင်းမရှိပါ
ဒဇင်ဘာ 25, ခရစ္စမတ်နေ့ .... ကျောင်းမရှိပါ
ဇန်နဝါရီ 1, နှစ်သစ်ကူးနေ့ .... ကျောင်းမရှိပါ
ဇန်နဝါရီလ၏ 3rd တနင်္လာနေ့၊ Martin Luther King Jr. နေ့ .... ကျောင်းမရှိပါ
ဖေဖော်ဝါရီလ၏ 3rd တနင်္လာနေ့၊ သမတနေ့ .... ကျောင်းမရှိပါ
မေလ၏ နောက်ဆုံး တနင်္လာနေ့၊ စစ်အတွင်းကျဆုံးသူများအမှတ်တရနေ့ .... ကျောင်းမရှိပါ



အချို့နေ့များတွင်လည်းကလေးများသည် ကျောင်းမသွားကြပါ။ ကျောင်းမှသင့်ထံပြက္ခဒိန် ပို့ပါလိမ့်မည်။ ပြက္ခဒိန်မှ သင့်ကလေးကျောင်းတက်ရန်မလိုသောနေ့များကို ပြပါလိမ့်မည်။ ကျောင်းပြက္ခဒိန်ဆိုင်ရာသတင်းအချက်အလက်များကို ဤအခန်း၏နောက်ဆုံးတွင်ကြည့်ပါ။

ကလေးများသည်ဘာသာရေးနှင့်ဆိုင်သောရုံးပိတ်ရက်မရှိပါ။ အကယ်၍သင်၏ကလေးဘာသာရေးကြောင့် ရုံးပိတ်ရက်ပျက်ကွက်လိုပါက၊ ကျောင်းအတွင်းရေးမှူးထံဖုန်းခေါ်ရန်လိုအပ်ပါသည်။ အတွင်းရေးမှူးအား ဘာသာရေးနှင့်ဆိုင်သောရုံးပိတ်ရက်၏အမည်နှင့် ပျက်ကွက်မည့်နေ့ရက်များကို ပြောပြပါ။ သင်၏ကလေးသည် သူ/သူမ၏ကျောင်းအလုပ်များပြုလုပ်ရန်လိုပါလိမ့်မည်။



အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

ကျောင်းပြက္ခဒိန်နှင့် ကျောင်းတက်နေ့ရက်များ

တခါတရံ၊ ရာသီဥတုဆိုးရွားသောအခါ ကျောင်းပိတ်ပါလိမ့်မည်။ ဆိုလိုသည်မှာ သင့်ကလေးကျောင်းတက်ရန်မလိုပါ သို့ သူတို့ကျောင်းတွင်ရှိနေပါက အိမ်သို့စောစောပြန်လာပါလိမ့်မည်။ ကျောင်းမှဆုံးဖြတ်ချက်ချပါလိမ့်မည်။ သူတို့သည် ကျောင်းပိတ်ချိန် သို့ နောက်ကျကျောင်းပိတ်ချိန်တို့ကို တီဗွီ (TV) နှင့်ရေဒီယိုတို့မှစာရင်းဖော်ပြပါလိမ့်မည်။ ကျောင်းပိတ်သည်ဟု ကြားပါက သင်ခေါ်ဆိုနိုင်သော ဖုန်းနံပါတ်များရှိပါလိမ့်မည်။

## 3. *ကလေးဘယ်လိုကျောင်းသို့သွားသလဲ?*




ကျောင်းအနီးတွင်နေထိုင်သော ကလေးများလမ်းလျှောက်နိုင်သည်။ ကျောင်းသို့ လမ်းမလျှောက်နိုင်သောကလေးများ ဘတ်စကားစီးနိုင်သည်။ ကျောင်းသားများသာလျှင် ကျောင်းဘတ်စကားစီးနိုင်သည်။

အကယ်၍ သင၏ကလေးဘတ်စကားစီးပါက သင်သိရန်လိုအပ်ပါသည် –

- ☐ ဘတ်စကားနံပါတ် ...
- ☐ သင်၏ကလေး ဘတ်စကားပေါ်တက်သည့်နေရာနှင့်ဆင်းသည့်နေရာ...
- ☐ သင်၏ကလေး ဘတ်စကားပေါ်တက်သည့်အချိန်...
- ☐ သင်၏ကလေး ဘတ်စကားပေါ်မှဆင်းသည့်အချိန်...

အကယ်၍သင်၏ကလေးကျောင်းသို့လမ်းလျှောက်ပါက၊ ရာသီဥတုအတွက် မှန်ကန်သောအဝတ်ဝတ်ထားတာသေချာနေပါစေ။ ဥပမာ၊ အကယ်၍ရာသီဥတုအလွန်အေးပါက ဘွတ်ဖိနပ်နှင့် ကုတ်အင်္ကျီဝတ်ဆင်ထားရန်လိုပါသည်။

## 4. *ကျောင်းမှာကလေးနေ့လည်စာဘာစားသလဲ?*

ကလေးများကျောင်းသို့ နေ့လည်စာထမင်း ယူလာနိုင်သည်။ ကျောင်းတွင်လည်း ဝယ်စားနိုင်သည်။ ကျောင်းတွင်နေ့လည်စာစားသောကလေးများမှာ ရွေးချယ်ခွင့်များရှိပါသည်။



အကယ်၍သင့်ကလေးသည် အတိုင်းအချင့်နှင့် စားရသောအစာရှိပါက သို့ ဘာသာရေးဆိုင်ရာ အကြောင်းပြချက်ကြောင့် တစ်ခုခုမစားနိုင်ပါက၊ သင့်ကလေးသည် ကျောင်းသို့ပြောနိုင်ပြီး သူတို့မှမတူသောနေ့လည်စာ ပေးပါလိမ့်မည်။



အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

## IV. ကျောင်း၏လုပ်ဆောင်ချက်လုပ်ငန်းများ

ကျောင်းများတွင်အရာများကိုလုပ်ဆောင်ရန်နည်းလမ်းများရှိသည်။ ၎င်းကို လုပ်ဆောင်ချက်လုပ်ငန်းများဟုခေါ်ပါသည်။ ကလေးအတွက် ကျောင်းမှပြောဆိုသောလုပ်ဆောင်ချက်လုပ်ငန်းများမှာ မည်သူကျောင်းနောက်ကျလိမ့်မည်၊ ဆရာနှင့်တွေ့ရန် အချိန်ဇယားရေးဆွဲခြင်း သို့ စကားပြန်အတွက် မေတ္တာရပ်ခံခြင်းတို့ဖြစ်ပါသည်။

ကျောင်း၏လုပ်ဆောင်ရန်နည်းလမ်းများသည် သင့်ကလေးအားကာကွယ်ပေးသည်။ သင့်ကလေးဖျားနာနေကြောင်းကျောင်းအား အသိပေးရန် ဖုန်းခေါ်သောအခါ၊ သင့်ကလေးဘယ်မှာရှိတယ်ဆိုတာသူတို့သိသည်။ သင့်ကလေးသည် သင်နှင့်အတူ အိမ်၌လုံခြုံစွာရှိနေကြောင်းသိသည်။ ကလေးကျောင်းမှာမရှိပဲ သင့်ထံမှဘာသံမှမကြားသောအခါ၊ သင့်ကလေး ဒုက္ခရောက်နေပြီဟု အစပ္ပါယ် သက်ရောက်သည်။ ကျောင်း၏ လုပ်ဆောင်ရန်နည်းလမ်းများကိုလိုက်နာရန်အရေးကြီးပါသည်။

ကျောင်း၌အရေးကြီးသောပုဂ္ဂိုလ်များမှာ –

- ဆရာ — သင့်ကလေးအားသင်ခန်းစာများသင်ခြင်းအလုပ်လုပ်ပေးသူ
- အတွင်းရေးမှူး – ကျောင်းရုံးခန်း၌ဖုန်းလက်ခံဖြေခြင်း၊ နှင့် မေးခွန်းများကိုဖြေကြားခြင်း အလုပ်လုပ်ပေးသူ
- ကျောင်းအုပ် – ကျောင်း၏စီမံခန့်ခွဲအုပချုပ်မှုအလုပ်လုပ်သူ

နှစ်စဉ်ကျောင်းတွင်၊ သင့်ကလေး၏ဆရာ၊ အတွင်းရေးမှူးနှင့် ကျောင်းအုပ်တို့၏ အမည်များကို ရေးချထားရန်လိုပါသည်။ ကျောင်း၏ဖုန်းနံပါတ်ကိုလည်းသိထားရန်လိုပါသည်။

ဆရာ့အမည် ______________________________

အတွင်းရေးမှူး၏အမည် ______________________________

အတွင်းရေးမှူး၏ဖုန်းနံပါတ် ______________________________

အရေးပေါ်ဆက်သွယ်ရန်အတွက်လည်း ကတ်ပြားပေါ်တွင် နှစ်စဉ်ရေးမှတ်ထားရန်အရေးကြီးပါသည်။

### *1. အရေးပေါ်ဆက်သွယ်ရန်ကတ်ပြားကဘာလဲ?*



အရေးပေါ်ဆက်သွယ်ရန်ကတ်ပြားဆိုသည်မှာ သင်၏ကလေး၌အရေးပေါ်ကိစ္စရှိသဖြင့် ကျောင်းမှ အရေးပေါ်ဆက်သွယ်ရမည့်သူ၏နံမည်နှင့် ဆက်သွယ်ရန်နံပါတ်များပါရှိသည့်ကတ်ပြားဖြစ်သည်။



အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

ထိုပုဂ္ဂိုလ်၌သင့်ကလေးအားကျောင်းမှကြိုရန်ခွင့်ပြုချက်ရရှိသူဖြစ်သည်။ အရေးပေါ်ဆက်သွယ်ရန်ကတ်ပြားသည် သင့်ကလေးအားလုံခြုံစွာထားပြီး သင်မသိသောသူနှင့် ကျောင်းမှ ထွက်မသွားရန်အကူအညီပေးသည်။

အရေးပေါ်ဆက်သွယ်ရန်ကတ်ပြားအတွက်၊ ကျောင်းကိုသင်ပေးရန်လိုအပ်သည် –

- သင်၏ဖုန်းနံပါတ်
- အင်္ဂလိပ်စကားပြောဆိုပြီး သင့်ကလေးအတွက်ယုံကြည်စိတ်ချရသူ၏အမည်။ ထိုသူသည်မိသားစုဝင်တစ်ဦး (ကလေးမဟုတ်ရ) သို့ သူငယ်ချင်းတစ်ယောက်
- ထိုသူ၏ဖုန်းနံပါတ်
- သင့်ကလေးဆရာဝန်၏အမည်နှင့် ဖုန်းနံပါတ်
- သင့်ကလေး၏အထူးကျန်းမာရေးအတွက် လိုအပ်သောစာရင်းဇယား

အကယ်၍ ဤကတ်ပြားပေါ်ရှိ အမည်နှင့် ဖုန်းနံပါတ်များ ပြောင်းလဲမှုရှိပါက၊ သင်သည်ကျောင်း၏အတွင်းရေးမှူးအား အသစ်ပြောင်းလဲသော အမည်နှင့် ဖုန်းနံပါတ်များကို ပြောပြရန်လိုပါသည်။

အကယ်၍ သင်ပြောင်းရေ့ပါက၊ သင်သည်ကျောင်းအား အသစ်ပြောင်းရွှေ့သော လိပ်စာနှင့် ဖုန်းနံပါတ်များကို ပေးရန်လိုပါသည်။

## *2. စကားပြန်တစ်ဦးအားမည်သို့မေတ္တာရပ်ခံနိုင်သလဲ?*

သင့်ကလေး၏ပညာရေးအတွက် ကျောင်းနှင့်ဆက်သွယ်ရန် သင့်မှာလုပ်ပိုင်ခွင့်ရှိသည်။ ကျောင်းမှသင့်အတွက် သင်၏ဘာသာစကားပြောဆိုသူ သို့ ဘာသာပြန်ပေးနိုင်သူ စကားပြန်တစ်ဦး စီစဉ်ပေးသင့်သည်။

ကျောင်းမှသင့်အတွက် သင်၏ကလေးမှဘာသာပြန်ပေးရန်တောင်းဆိုခြင်း သို့ ဘာသာပြန်ပေးသူအတွက် သင်ထံမှပိုက်ဆံပေးခြင်း **မတောင်းဆိုသင့်ပါ**။

ကျောင်းတိုင်းတွင် ဘာသာပြန်သူများ၏ ကိုယ်ပိုင်အချိန်ဇယားရှိသည်။ တခါတရံ၊ ဆရာမှစကားပြန်အား မေတ္တာရပ်ခံနိုင်သည်။ အခြားအချိန်များ၌၊ သင်သည်စကားပြန်တစ်ဦးလိုအပ်ကြောင်းသတိပေးထားရန်လိုအပ်ပါသည်။ ကျောင်း၏လုပ်ဆောင်ရန်နည်းလမ်းများဆိုင်ရာစကားပြန်အားမေတ္တာရပ်ခံခြင်း သို့ ကျောင်းမှသင့်အားရှင်းပြပေးရန်တောင်းဆိုခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ဤအခန်း၏နောက်ဆုံးတွင်ကြည့်ပါ။

သင်ကိုယ်တိုင် သင့်ကလေး၏ဆရာနှင့် သို့ အခြားကျောင်းဝန်ထမ်းနှင့် တွေ့ဆုံရန်အတွက် စကားပြန်တစ်ဦး မေတ္တာရပ်ခံနိုင်သည်။ စာရက်စာတမ်းများကိုလည်း သင့်ထံမပို့မှီ ဘာသာပြန်ပေးဖို့ မေတ္တာရပ်ခံနိုင်သည်။

ကျေးဇူးပြု၍ စကားပြန်တစ်ဦးအကြောင်းကျောင်းနှင့်ဆက်သွယ်ရန်နည်းလမ်းများကို **နောက်ဆက်တွဲများ 1 နှင့် 2** တွင်ကြည့်ပါ။

## ***3. ကျွန်ုပ်၏ကလေးကျောင်းတက်ရန်အရမ်းဖျားချိန်ကဘယ်အချိန်လ?***

ဖျားနာနေသောကလေးများသည် အခြားကလေးများအားလည်းဖျားနာစေပါသည်။သင့်ကလေးကိုကျောင်းသို့မပို့ပါနှင့်အကယ်၍ –

ကလေးမှာအဖျားရှိလျှင်



ကလေးသည်ညဘက်၌
အန်လျှင်



ကလေးသည်ချောင်းအရမ်း
ဆိုးလျှင်



ကလေး၌အနီရောင်
အင်ပျဉ် သို့ အနာရှိလျှင်



ကလေး၌သန်းရှိလျှင်



ကလေး၌ဆိုးဆိုးရွားရွား
လည်ချောင်းနာနေလျှင်



ကလေးများကျောင်းသို့မလာစေသင့်သော အခြားအချိန်များလည်းရှိပါသည်။ ထိုအချိန်များတွင် သင်၏ဆရာဝန် သို့ ကျောင်းဆရာနှင့် တိုင်ပင်ပါ။



## ***4. ကျွန်ုပ်၏ကလေးကျောင်းတက်ရန်အရမ်းဖျားနေလျှင်ဘာလုပ်ရမလ?***

သင်၏ကလေးသည် ကျောင်းတက်ရန်အရမ်းဖျားနေပြီး သ/သူမသည် အမ်တွင်နေမည်ဆိုတာကို ကျောင်းသို့ အကြောင်းကြားရန် အလွန်အရေးကြီးပါသည်။ ၄င်းသည် သင့်ကလေးအား လုံခြုံမှုထိန်းသိမ်းရန်ကူညီပါသည်။ အကယ်၍ သင့်ကလေးသည် စာသင်ခန်းထဲတွင်မရှိပဲ ကလေးဖျားနာနေသည်ဟု သင်မှအကြောင်းမကြားထားပါက၊ သင့်ကလေး၏ဆရာသည် စိုးရိမ်ပူပန်ပါလိမ့်မည်။

**ကျောင်း၏လုပ်ဆောင်ချက်လုပ်ငန်းများ**

ကျောင်းအတွင်းရေးမှူးကိုခေါ်ပါ။ သူမအားပြောပြပါ –

- သင့်ကလေး၏အမည်
- သင့်ကလေး၏ဆရာ
- ဘယ်အချိန်သင့်ကလေးကျောင်းပြန်တက်မည်

သင့်ကလေးဖျားနာနေပြီး ကျောင်းမလာနိုင်ကြောင်းကို သင်မည်သို့ ကျောင်းအား အသိပေးသင့်သည်ဆိုတဲ့ဥပမာအား **နောက်ဆက်တွဲ 4** တွင်ကြည့်ပါ။

သင်သည် သင့်ကလေးဖျားနာနေကြောင်းကို ဆရာအားလည်း မှတ်ချက်ရေးအသိပေးရမည်။ ယင်းမှတ်ချက်ကို ကျောင်းပျက်ကွက်ခွင့်တောင်းခံခြင်းဟုခေါ်သည်။ သင်၏ကလေးသည် သူ/သူမကျောင်းပြန်တက်သောအခါ ၄င်းကို ဆရာထံယူသွားနိုင်သည်။ သင်အသုံးပြုနိုင်သောနမူနာစာကို **နောက်ဆက်တွဲ 5** တွင်ကြည့်ပါ။

ဖျားနာသောကလေးသည် သူတို့ပျက်ကွက်ထားသော အိမ်စာများပြီးစီးရန်လိုပါသည်။

## *5. ကျွန်ုပ်၏ကလေးကျောင်းမှာဆေးသောက်ရန်လိုအပ်လျှင်ဘာလုပ်ရမလဲ?*



အကယ်၍ သင့်ကလေးသည် ကျောင်းတွင်ဆေးသောက်ရန်လိုပါက၊ ကျောင်းသူနာပြု သို့ ကျောင်းအတွင်းရေးမှူးအား ပြောပြရန်လိုပါသည်။ သင့်ကလေးဆေးသောက်ရန်လိုအပ်ကြောင်း ကျောင်းအား အသိပေးသင့်သည့်ဥပမာအား **နောက်ဆက်တွဲ 6** တွင်ကြည့်ပါ။

ထို့အတူ၊ သင့်ကလေးဆေးသောက်ရန်လိုအပ်ကြောင်း ဆရာဝန်၏မှတ်ချက်ကိုလည်းကျောင်းအား ပြဖို့လိုပါသည်။

ဆရာဝန်၏မှတ်ချက်တွင် ပါသင့်သည် –

- ကလေး၏အမည်
- ဆရာ၏အမည်
- ဆေး၏အမည်
- ကလေးအားဆေးမည်မျှပေးရမည်
- ဘယ်အချိန်တွင်ကလေးအားဆေးပေးရမည်



ဆရာဝန်အားသင့်ကလေးအတွက်မှတ်ချက်ရေးပေးရန်တောင်းဆိုပါ။မှတ်ချက်မှာဘာပြောသည်ဆိုတာသင့်အားရှင်းပြခိုင်းပါ။

## *6. ကျွန်ုပ်၏ကလေးကျောင်းမှာဖျားနာနေလျှင်ဘာလုပ်ရမလဲ?*

အရေးပေါ်ဆက်သွယ်ရန်ကတ်ပြားပေါ်ရှိပုဂ္ဂိုလ်အား ကျောင်းမှခေါ်လိမ့်မည်။ ထိုပုဂ္ဂိုလ်သည်ကလေးအားကျောင်းမှ အိမ်သို့ပြန်ခေါ်နိုင်သည်။ သင့်ကလေးအားဆရာဝန်ဆီ ခေါ်သွားပြသင့်သည်။

## 7. ကျွန်ုပ်၏ကလေးကျောင်းတက်နောက်ကျလျှင်ဘာလုပ်ရမလဲ?

နောက်ကျခြင်းကို "နေးကွေးမှု"ဟုခေါ်သည်။ သင့်ကလေးသည်ကျောင်းချိန်မှီရှိနေတာသေချာစေရန်သင့်မိသားစုမှ အလွန်ကြိုးစားသင့်သည်။ သင့်ကလေးနောက်ကျမအကြိမ်ရေတွက်ကိုလည်း သူတို့၏အစီရင်ခံစာ ကတ်ပြားပေါ်တွင် စာရင်းဖြင့်ဖော်ပြထားလိမ့်မည်။



အကယ်၍သင်၏ကလေးကျောင်းနောက်ကျမည်ဆိုပါက၊ ကျောင်းအားအသိပေးထားသင့်သည်။ ကျောင်းအတွင်းရေးမှူးကိုခေါ်ပါ။ သူမအားပြောပြပါ –

- သင့်ကလေး၏အမည်
- သင့်ကလေး၏ဆရာ
- သင့်ကလေးရောက်မည့်အချိန်
- ဘာကြောင့်သင့်ကလေးကျောင်းနောက်ကျမည်

(သို့) သင်သည်ကျောင်းအား မှတ်ချက်ရေးပေးနသေည်။ ယင်းမှတ်ချက်တွင် သင့်ကလေးဘာကြောင့် ကျောင်းနောက်ကျမည်ဆိုတာပြောပြသင့်သည်။

ကျောင်းအား သင့်ကလေးနောက်ကျမည်ဆိုတာ သင်မည်သို့အသိပေးသင့်သည်ဆိုတဲ့ဥပမာအား **နောက်ဆက်တွဲများ 7 နှင့် 8** တင်ကြည့်ပါ။

## 8. ဆရာဝန်နှင့်နံနက်စောစောတွေ့ရန်ကျွန်ုပ်၏ကလေးကျောင်းမှခွင့်ယူလိုလျှင်ဘာလုပ်ရမလဲ?

သင့်ကလေး၌ဆရာဝန်နှင့်တွေ့ရန်ချိန်းဆိုထားခြင်းရှိသည့်အတွက်ကြောင့် ကျောင်းမှစောထွက်ခွင့်ပြုရန်လိုကြောင်း ကျောင်းအားပြောပြသင့်သည်။ ဒါကို ကျောင်းစောလွှတ်ခွင့်တောင်းခံခြင်းဟုခေါ်သည်။ ကျောင်းအတွင်းရေးမှူးခေါ်ဆိုပြီး သို့ မှတ်ချက်တစ်စောင်ရေးပြီး ပြောနိုင်သည်။ သင့်ကလေး၌ဆရာဝန်နှင့်တွေ့ရန်ချိန်းဆိုထားခြင်းရှိသည့်အတွက်ကြောင့် ကျောင်းမှစောထွက်ခွင့်ပြုရန်လိုကြောင်း ကျောင်းအား ပြောပြရန်သုံးသင့်သည့်နမူနာစာကို **နောက်ဆက်တွဲ 9** တွင်ကြည့်ပါ။

## 9. ကျွန်ုပ်၏ကလေးကျောင်းသို့ကျွန်ုပ်သွားနိုင်သလား?




ဟုတ်တယ်၊ သင့်ပလေးကျောင်းအားသင်သွားနိုင်တယ်။ ကျောင်းတက်ရက်အတွင်း သင်သွားပါက၊ သင်သည်ဝင်ခွင့်ကတ်ပြားရရန်လိုပါသည်။ ကျောင်းရုံးခန်းသို့သွားပြီး ဝင်ခွင့်ကတ်ပြားတောင်းပါ။ သင့်ကလေး၏အမည်ကိုပြောပြပါ။ သင်ကလေး၏ ဆရာအမည် ကိုပြောပြပါ။

သင့်ကလေး၏ ဆရာနှင့်ပြောဆိုရန်လိုပြီး သင့်မှာတွေ့ဆုံရန်ချိန်းဆထားခြင်းမရှိလျှင်၊ သင်သည် နောက်တနေ့၌ တွေ့ဆုံရန်အတွက် အချိန်ဇယားဆွဲရလိမ့်မည်။

## 10. ကျောင်းမှ ကျွန်ုပ်ထံပို့လိုက်သောစာရွက်စာတမ်းတွေကဘာတွေလဲ?

ကျောင်းမှသင့်ထံ အရေးကြီးသောစာရွက်စာတမ်းများပို့လိမ့်မည်။ ၄င်းစာရွက်စာတမ်းများကသင့်အားပြောပြလိမ့်မည် –

- သင့်ကလေး၏အလုပ်
- သင့်ကလေး၏ အပြုအမူ
- ကျောင်း၏အဖြစ်အပျက်များ

တခါတရံ စာရွက်စာတမ်းများကသင့်ကလေး၏ကျောင်းတွင်ဒုက္ခ ရောက်နေကြောင်းများပြောပြလိမ့်မည်။ သင့်ကလေးက ကျောင်းတွင်သူ/သူမဒုက္ခ ရောက်နေကြောင်းများပြောပြချင်လိမ့်မည်မဟုတ်။ ၄င်းစာရွက်စာတမ်းများကိုသင့်ကလေးအား ဘာသာပြန်ပေးရန်**မတောင်းဆိုဖို့**အရေးကြီးပါသည်။ တခါတရံ ၄င်းစာရွက်စာတမ်းများဘာဆိုလိုတယ်ဆိုတာ သင့်ကလေးနားလည် လိမ့်မည်မဟုတ်။ သူတို့ကမမှန်သောတစ်စုံတစ်ခုကို ပြောချင်ပြောလိမ့်မည်။

သင်သည်၄င်းစာရွက်စာတမ်းများကိုကျောင်းအား ဘာသာပြန်ပေးရန်တောင်းဆိုနိုင်ပါသည်။ (သို့) သင်သည်ဆရာနှင့်တွေ့ဆုံဖို့တောင်းဆိုနိုင်သည်။ အကယ်၍သင်သည်အင်္ဂလိပ်စကားကောင်းကောင်းမပြောနိုင်လျှင် သို့ နားမလည်လျှင် စကားပြန်တောင်းဆိုဖို့သတိရနေပါ။

ဤသည်တို့မှာဆရာမှသင့်ထံပို့လိုက်သောစာရွက်စာတမ်းများဖြစ်သည် –



**ပြက္ခဒိန်** တစ်ခုသည် နှစ်တစ်နှစ်၏ကျောင်းတက်နေ့ရက်များကိုဖော်ပြထားသည်။ ၄င်းမှသင်မည်သည့်အချိန်ကျောင်းသွားပြီးဆရာနှင့်တွေ့နိုင်သည်ဆိုတာ ပြောပြပါသည်။ ၄င်းမှသင့်ကလေးမည်သည့်အချိန်ကျောင်းမတက်ဘူးဆိုတာ ပြောပြပါသည်။



**သတင်းလွှာ** တစ်ပုဒ်သည် ကျောင်းတွင်ဘာဖြစ်သည်ဆိုတာ ပြောပြပါသည်။



**လေ့လာဆန်းစစ်ချက်** တစ်ခုသည် ကျောင်းနှင့်ပတ်သက်သောမေးခွန်းများကိုသင့်အားဖြေဆိုရန် မေးပါလိမ့်မည်။

**ကြော်ငြာ** တစ်စောင်သည်ကျောင်းတွင်ဘာဖြစ်သည်ဆိုတာကို အကြောင်းကြားသောစာရွက်စာတမ်းများ အပိုင်းအစတစ်ခုဖြစ်ပါသည်။



ခွင့်ပြုချက်ဖြတ်ပိုင်းတစ်စောင်သည် သင့်ကလေး ကျောင်းတွင်တစ်စုံတစ်ခုပြုလုပ်ရန်အတွက် သင်၏ခွင့်ပြုချက် လက်မှတ်ထိုးရန် စာရွက်စာတမ်းများအပိုင်းအစတစ်ခုဖြစ်ပါသည်။ ဥပမာ၊ အကယ်၍သင်၏ကလေးကျောင်းတွင်ကွင်းဆင်းလေ့လာရေးအတွက် သွားစေလိုပါက သင်စာရွက်ပေါ်တွင်လက်မှတ်ထိုးရန်လိုပါသည်။ သင့်ကလေးမှစာရွက်အား သူ/သူမ၏ ဆရာထံပြန်လည်ယူဆောင်လိမ့်မည်။

**စည်းမျဉ်းစည်းကမ်းဆိုင်ရာရုံးသုံးစာရွက်စာတန်းလုပ်ငန်းများ** ကသင့်ကလေးအပြုအမူမမှန်သောအခါပြောပြပါသည်။ ဆရာမှသင့်ကလေးစည်းကမ်းချိုးဖောက်သောအခါသင်သိစေရန်ပြောပြပါလိမ့်မည်။ သင်မှ၄င်းစာရွက်ပေါ်တွင်လက်မှတ်ထိုးပြီး ဆရာထံပြန်ပို့ရပါလိမ့်မည်။

## ***11. အစီရင်ခံစာကတ်ပြားဆိုတာဘာလဲ?***




အစီရင်ခံစာကတ်ပြားဆိုတာ ကလေး၏ကျောင်းအလုပ်အကြောင်း ပြောပြသော စာရွက်အပိုင်းဖြစ်ပါသည်။ အစီရင်ခံစာကတ်ပြားသည် မိဘများ တစ်နှစ်တွင် 2 သို့ 4 ကြိမ်ရပါမည်။

အစီရင်ခံစာကတ်ပြားသည် သင့်ကလေးယူထားသော သင်ခန်းစာအားလုံးကို စာရင်းပြုထားပါသည်။ အစီရင်ခံစာကတ်ပြားသည် သင့်ကလေးကျောင်း၌မည်သို့ပြုမူသည်ဆိုတာလည်း ပြောပြပါသည်။

သင်သည် အစီရင်ခံစာကတ်ပြားပေါ်တွင်လက်မှတ်ထိုးရန်လိုသည်။ လက်မှတ်ထိုးခြင်းသည် အစီရင်ခံစာကတ်ပြားကို သင်မြင်သည်ဆိုတာပြောပြပါသည်။ သင့်ကလေးအား ကတ်ပြားကိုကျောင်းပြန်ယူသွားဖို့ပေးလိုက်ပါ။

အစီရင်ခံစာကတ်ပြားကို သင်နားမလည်ပါက၊ ဆရာနှင့်တိုင်ပင်ပါ။ သင့်ကလေးအား အစီရင်ခံစာကတ်ပြားကို ဘာသာပြန်ပေးရန် မခိုင်းပါနှင့်။

အစီရင်ခံစာကတ်ပြားတွင် အဆင့်များပါရှိသည်။ အဆင့်များသည် သင့်ကလေးကျောင်း၌မည်သို့ပြုလုပ်နေသည်ကို ပြောပြပါသည်။ အချို့အစီရင်ခံစာကတ်ပြားများတွင် စာများပါရှိသည်။ အချို့အစီရင်ခံစာကတ်ပြားများတွင် နံပါတ်များပါရှိသည်။

- အလွန်အလုပ်ကောင်းသူအတွက်၊ **A** ကိုသင်မြင်နိုင်သည်။ **91-100** နံပါတ်များကိုလည်းသင်မြင်နိုင်သည်။ ဆိုလိုသည်မှာ သင့်ကလေးသင်ခန်းစာများကိုနားလည်သည်ဟု အဓိပ္ပါယ်ရသည်။
- အလုပ်ကောင်းသူအတွက်၊ **B** သို့ **81-90** နံပါတ်များကိုသင်မြင်နိုင်သည်။ ဆိုလိုသည်မှာ သင့်ကလေးသင်ခန်းစာများကိုနားလည်သည်၊ သို့သော် အချို့တွင်ဒုက္ခရှိနေသေးသည်ဟု အဓိပ္ပါယ်ရသည်။
- အဆင်ပြေရုံသာအလုပ်လုပ်သူအတွက်၊ **C** သို့ **71-80** နံပါတ်များကိုသင်မြင်နိုင်သည်။ ဆိုလိုသည်မှာ သင့်ကလေးသင်ခန်းစာများတွင်အကူအညီလိုနေသေးသည်ဟု အဓိပ္ပါယ်ရသည်။
- အလုပ်လုပ်မကောင်းသူအတွက်၊ **D** သို့ **65-70** နံပါတ်များကိုသင်မြင်နိုင်သည်။ ဆိုလိုသည်မှာ သင့်ကလေးသင်ခန်းစာများတွင်အပိုအကူအညီလိုနေသေးသည်ဟု အဓိပ္ပါယ်ရသည်။
- အကယ်၍သင်သည် **F** သို့ **65 ထက်နဲသော** နံပါတ်များကိုသင်မြင်ပါက၊ သင့်ကလေး သင်ခန်းစာများတွင်ကျရှုံးသည်။ ဆိုလိုသည်မှာ သင့်ကလေး သင်ခန်းစာများနောက်ထပ်ယူရန်လိုနေသေးသည်ဟု အဓိပ္ပါယ်ရသည်။ သင့်ကလေးသည် သင်ခန်းစာများနှင့်ပတ်သက်ပြီးအကူအညီအများကြီးလိုနေသေးသည်။

တခါတရံ၊ (+ သ. -) သင်္ကေတပါသောစာကိုသင်မြင်နိုင်သည်။ ၄င်းသည် **B+** သို့ **C-** ကဲ့သို့တူမည်။ **+** သင်္ကေတသည်သင့်ကလေးသည်ဖော်ပြထားသောအဆင့်ထက်ပိုကောင်းသည်။သို့သော် ပို၍မြင့်သောအဆင့်လောက်မကောင်းဟုအဓိပ္ပါယ်ရသည်။ ဥပမာ၊ **B+** သည်သင့်ကလေးသည် **B** အဆင့်ထက်ပိုကောင်းသည်။သို့သော် **A** အဆင့်လောက်တော့ မကောင်းဟု အဓိပ္ပါယ်ရသည်။

**–** ဆိုလိုသည်မှာ သင့်ကလေး၏အလုပ်သည် ဖော်ပြထားသောအဆင့်လောက်မကောင်းဟုအဓိပ္ပါယ်ရသည်။ ဥပမာ၊ **C-** သည် **B** အဆင့်ထက်စာလျှင် **D** အဆင့်နှင့်ပို၍နီးစပ်သွားသည်။

အကယ်၍သင်သည် အစီရင်ခံစာကတ်ပြားတွင် **C** သို့ **D** (သို့ နံပါတ်များ **65-80**) ကိုမြင်ပါက၊ သင့်ကလေးသည် ကျောင်းချိန်ပြီးပါက အပိုအကူအညီ သို့ နည်းပြ လိုနေသည့်အတွက် ကျောင်းတွင်ဆက်နေဖို့လိုပါသည်။ နည်းပြဆိုသည်မှာ သင့်ကလေးအားကျောင်းစာများအတွက် ကူညီပေးသောတစ်စုံတစ်ဦးဖြစ်သည်။ သင့်ကလေးအားကူညီရန် အတွက်ဆရာနှင့်တိုင်ပင်ပါ။

အကယ်၍သင်သည် အစီရင်ခံစာကတ်ပြားတွင် D သို့ F (သို့ **65 ထက်နဲသော** နံပါတ်များ) ကိုမြင်ပါက၊ ဆရာနှင့်တွေ့ဆုံရန်ခွင့်တောင်းပါ။ သင့်ကလေးအားကူညီရန် သင်နှင့်ဆရာအတူပူးပေါင်းပြီးလုပ်ဖို့လိုပါသည်။ သင့်ကလေး၏ဆရာနှင့်တွေ့ဆုံရန်တောင်းသည့်အခါ ပြောပြရန်သုံးသင့်သည့်နမူနာစာကို **နောက်ဆက်တွဲ 3** တွင်ကြည့်ပါ။

## *12. ဆရာများကျောင်းသား၏အဆင့်ကိုမည်သို့ရွေးချယ်သလဲ?*

ဆရာများသင့်ကလေး၏ကျောင်းအလုပ်၊အိမ်စာနှင့် စာမေးပွဲများကိုကြည့်ပါသည်။ သင့်ကလေး၏အပြုအမူကိုလည်းကြည့်ပါသည်။ အလုပ်ကောင်းလုပ်ပြီး အပြုအမူကောင်းခြင်းသည် အဆင့်ကောင်းရသည်။ အကယ်၍ သင်သည်ဆရာမှကျောင်းသား၏အဆင့်ကို မည်သို့ရွေးချယ်သည်ဆိုတာနားမလည်ပါက ဆရာနှင့်ပြောဆိုပါ။

## *13. တိုးတက်မှုမှတ်တမ်းအစီရင်ခံစာများကဘာလဲ?*

တခါတရံ၊ ဆရာမှသင့်ထံ ရက်သတ္တပတ်အနဲငယ်အတွင်း သတင်းများပေးလိမ့်မည်။ ဒါကတိုးတက်မှုမှတ်တမ်းအစီရင်ခံစာဟုခေါ်သည်။ ၄င်းမှသင့်ကလေးမည်သို့ပြုလုပ်နေသည်ကိုပြောပြသည်။ အကယ်၍သင့်ကလေး၏ တိုးတက်မှုမှတ်တမ်းအစီရင်ခံစာတွင် D သို့ F ရရှိပါက၊ သင့်ကလေးအားကူညီရန် သင်နှင့်ဆရာအတူပူးပေါင်းပြီးလုပ်ဖို့လိုပါသည်။

## *14. ကျောင်းမှာတစ်ခုခုအတွက်ကျွန်ုပ်ပေးရန်ရှိသလား?*



သင်သည် သင့်ကလေးအသုံးပြုထားသောအရာများအတွက် အခကြေးငွေ သို့ ငွေအနဲငယ်ပေးရန်လိုပါသည်။

ဥပမာ၊ သင်သည် **စာအုပ်စာတမ်းကြေး** ပေးရန်လိုလိမ့်မည်။၄င်းသည် သင့်ကလေးကျောင်းစာအုပ် များသုံးသည့်အတွက် ပေးရန်လိုသော ငွေပမာဏအနဲငယ်ဖြစ်သည်။ သင့်မှာငွေမရှိပါက၊ အခကြေးငွေလျော့ပေါ့ခွင့်တောင်းနိုင်သည်။ လျော့ပေါ့ခွင့်ဆိုသည်မှာ သင်သည်ငွေအနဲငယ် သို့ လုံးဝမပေးခြင်းဟု အဓိပ္ပါယ်ရသည်။ သင်သည်အခကြေးငွေအနဲငယ်သာ ဘာကြောင့်ပေးလိုကြောင်း ဆရာမအားပြောရလိမ့်မည်။ ကျေးဇူးပြု၍ အခကြေးငွေ လျော့ပေါ့ခွင့်တောင်းခံရန်နည်းလမ်းများကို **နောက်ဆက်တွဲ 10** တွင်ကြည့်ပါ။

သင်၏ကလေးသည် စာအုပ်များကိုကောင်းစွာသိမ်းထားရန်လိုသည်။ အချို့ စာအုပ်များကို ဆရာထံ ပြန်အပ်ရန်လိုသည်။ အကယ်၍သင့်ကလေးမှ၄င်း စာအုပ်များကိုဖျက်ဆီးပြစ်ပါက၊ ငွေကြေးကုန်ကျမှုများလိမ့်မည်။



ကလေးများသည် ကျောင်းပြီးပါက အားကစား သို့ တေးဂီတလေ့လာနိုင်သည်။ ၄င်းသည်အထူး **လှုပ်ရှားမှုအခကြေးငွေ** ဟုခေါ်ပြီးငွေကြေးကုန်ကျမှုများလိမ့်မည်။ အကယ်၍ သင်၏ကလေး အားကစားလုပ်ပါက၊ အခကြေးငွေတွင် ဝတ်စုံကြေး၊ ရှးဖိနပ် သို့ သယ်ယူပို့ဆောင်ရေးတို့ပါဝင်သည်။ အကယ်၍ သင်၏ကလေး တူရိယာများတီးမှုတ်လိုပါက၊ အခကြေးငွေတွင် သင်ခန်းစာဖိုးနှင့် တူရိယာငှားရမ်းခတို့ပါဝင်သည်။

အကယ်၍သင်သည် သင့်ကလေးအား အားကစား သို့ အခြားလှုပ်ရှားမှုများပါဝင်စေလိုသော်လည်း သင့်မှာငွေအမြောက်အမြားမရှိပါက၊ သင့်ကလေး၏ဆရာနှင့် အခကြေးငွေအကြောင်းတိုင်ပင်နိုင်သည်။ သင်သည် အခကြေးငွေ လျော့ပေါ့ခွင့် သို့ ငွေအနဲငယ်သာပေးရန်ခွင့်ပြုချက်များ ရရှိနိုင်ပါသည်။

သင်သည် သင့်ကလေး၏ကျောင်းမှ **ကွင်းဆင်းလေ့လာရေးခရီး** အတွက်အခကြေးငွေ ပေးရန်လိုအပ်ပါလိမ့်မည်။ ထိုအခါ၊ဆရာအား အခကြေးငွေလျော့ပေါ့ခွင့် သို့ ငွေအနဲငယ်သာပေးခွင့်ရရန်တောင်းဆိုနိုင်ပါသည်။

ဤအခန်း၏နောက်ဆုံးတွင် အခကြေးငွေလျော့ပေါ့ခွင့်တောင်းခံလွှာအတွက် ကျောင်း၏ လုပ်ငန်းဆောင်ရွက်မှုများတွင်ကြည့်ပါ။ အခကြေးငွေ လျော့ပေါ့ခွင့်တောင်းခံရန်အတွက် ကျောင်းနှင့်ဆက်သွယ်ရန်နည်းလမ်းများကို **နောက်ဆက်တွဲ 10** တွင်ကြည့်ပါ။





အကယ်၍သင့်ကလေးကျောင်း၌**နေ့လည်စာ**ဝယ်ရန်လိုအပ်ပါက၊ သူ/သူမငွေလိုလိမ့်မည်။ သင့်၌ငွေမရှိပါက၊ ကျောင်း သို့ သင်၏အကြောင်းအရာဆိုင်ရာအလုပ်သမားအားပြောပြပါ။သင့်ကလေးသည် အခမဲ့နေ့လည်စာ စားခွင့်ရနိုင်ပါသည်။

ဤအခန်း၏နောက်ဆုံးတွင် အခမဲ့နေ့လည်စာလျှောက်ရန် အစီအစဉ်များအတွက် ကျောင်း၏ လုပ်ငန်းဆောင်ရွက်မှုသတင်းအချက်အလက်များ ရှိလိမ့်မည်။ **နောက်ဆက်တွဲ 10** သည် အခမဲ့နေ့လည်စာလျှောက်ရန် အစီအစဉ်များနှင့် သင်ကျောင်းသ. မည်သို့တောင်းခံနိုင်ကြောင်း နမူနာဖြစ်သည်။

## ***15. ကျွန်ုပ်မှာမေးခွန်းများရှိလျှင်မည်သူ့အားပြောဆိုနိုင်သလဲ?***

သင့်ကလေး၏ဆရာ သို့ ကျောင်းအတွင်းရေးမှူးအားမေးခွန်းများမေးနိုင်သည်။ သင်အင်္ဂလိပ်လိုနားမလည်ပါက စကားပြန် တောင်းဆိုရန် သတိရပါ။ သင်သည် ကျောင်း သို့ ဆရာများနှင့်စကားပြောသည့်အခါ စကားပြန်တောင်းဆိုနိုင်သည့် အခွင့်အလမ်းသင့်မှာရှိသည်။

# V. မိဘများပူးပေါင်းပါဝင်ခြင်း



အမေရိကား၌၊ ကျောင်းသားကောင်းများဖြစ်လာစေရန် ဆရာနှင့် မိဘပူးပေါင်း အလုပ်လုပ်ကြသည်။ ဆရာများသည် ကလေး၏ပညာရေးအတွက် သင်မှ ပူးပေါင်းပါဝင်လိမ့်မည်ဟုမျှော်လင့်ကြသည်။ ဆိုလိုသည်မှာ သင်သည် ဆရာနှင့်တွေ့ဆုံပြီး ကျောင်း၌ကလေးအကြောင်းနှင့် ကလေးလေ့လာ နေသောအားကစားအကြောင်းတိုင်ပင်ခြင်းကို ဆိုလိုသည်။

ဆရာများကသင့်ကိုတွေ့လိုသည်။ သင်ကျောင်းကိုအလည်လာစေလိုသည်။ သင်ဘာပြောမလဲဆိုတာ ကြားလိုကြသည်။

ကျောင်းသားကောင်းများဖြစ်လာစေရန် သင်ကူညီလုပ်ပေးနိုင်သောအချက်များမှာအောက်ပါတို့ဖြစ်သည် –

- မျှော်လင့်ချက်ထားပါ
- ကျောင်းပတ်ဝန်းကျင်နှင့်အသားကျအောင်ပြုလုပ်ခြင်းသို့သွားပါ
- မိဘ–ဆရာညှိနှိုင်းဆွေးနွေးပွဲသို့သွားပါ
- ကျောင်းပြီးချိန် လုပ်ဆောင်မှုများတွင်သင့်ကလေးကို စာရင်းသွင်းပါ
- ကျောင်း၏ဆောင်ရွက်လှုပ်ရှားမှုများသို့သားပါ
- သင့်ကလေးနှင့် အိမ်မှာအလုပ်လုပ်ပါ

## *1. ကျွန်ုပ်ကလေး၏ကျောင်းမှ အလုပ်အတွက်ကျွန်ုပ်ဘယ်လိုမျှော်လင့်ချက်များထားနိုင်သလဲ?*

မျှော်လင့်ချက်များဆိုသည်မှာ သင့်ကလေးကို သင်ဘာဖြစ်စေချင်တာလဲဟု အဓိပ္ပါယ်ရသည်။ ကျောင်းသည်အရေးကြီးကြောင်း ကလေးများသိဖို့လိုသည်။ ကျောင်းသားကောင်းတစ်ယောက်ဖြစ်ခြင်းသည် သင့်အတွက်အရေးကြီးကြောင်းကိုလည်းပြောပြ နိုင်သည်။

ပထမဆုံးသင်လုပ်နိုင်သောအရာမှာ ကျောင်း၌သင့်ကလေးကိုဘာလုပ်ရန်မျှော်လင့်ကြောင်းပြောပြခြင်းဖြစ်သည်။ အောက်ပါတို့သည် သင့်ကလေးအပေါ်ထားရှိရမည့် မျှော်လင့်ချက်နမူနာများဖြစ်သည် –

မိဘအဖြစ်၊ ကျွန်ုပ်၏ကလေးအားမျှော်လင့်ပါသည် –

- ကျောင်းမှသင်ခန်းစာများအားလုံးကို နားထောင်ခြင်း
- အိမ်စာများအားလုံးပြေးစီးခြင်း
- စာမေးပွဲအတွက်စာကျက်ခြင်း
- သူ/သူမသင်ခန်းစာများကိုနားမလည်သောအခါဆရာအားမေးခွန်းများမေးခြင်း
- ဆရာများ၏စည်းကမ်းများလိုက်နာခြင်း
- ဆရာအားအရိုအသေပေးခြင်း
- အခြားဆရာများအားအရိုအသေပေးခြင်း
- သင်ခန်းစာများနှင့်ပတ်သက်ပြီးဒုက္ခရောက်သောအခါဆရာနှင့် ကျွန်ုပ်အားပြောပြခြင်း
- အခြားသူငယ်ချင်းများနှင့်ပတ်သက်ပြီးဒုက္ခရောက်သောအခါဆရာနှင့် ကျွန်ုပ်အားပြောပြခြင်း

သင်၏မျှော်လင့်ချက်ကိုသင့်ကလေးအားပြောပြပါ။ သင့်ကလေးမေ့နေသောအခါထပ်မံပြီး ပြောပြပါ။ ကျောင်းသို့သွားပြီး သင့်ကလေး၏ဆရာများနှင့်တွေ့ဆုံပါ။ဒါဟာ ကျောင်းဟာဘယ်လောက်အရေးကြီးကြောင်း သင့်ကလေးအားပြောပြခြင်းဖြစ်သည်။

## 2. *ကျောင်းပတ်ဝန်းကျင်နှင့်အသားကျအောင်ပြုလုပ်ခြင်းဆိုတာဘာလဲ?*




ကျောင်းပတ်ဝန်းကျင်နှင့်အသားကျအောင်ပြုလုပ်ခြင်းဆိုသည်မှာ စာသင်နှစ်၏အစ၌ သင့်ကလေး၏ကျောင်းသို့သွားရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။ သင့်ကလေး၏ဆရာများနှင့်တွေ့ရသည်။ ဒါကိုတခါတရံ "ဖွင့်ထားသော-အိမ်"ဟုခေါ်သည်။

သင့်ကလေး၏စာသင်ခန်းများကိုတွေ့နိုင်သည်။ သင့်ကလေးထိုင်သောနေရာကိုလည်းတွေ့နိုင်သည်။



ကျောင်း၏အတွင်းရေးမှူးနှင့်လည်းတွေ့နိုင်သည်။ (သူသည်သင့်ကလေးဖျားနာလျှင် သို့ ကျောင်းနောက်ကျလျှင် သင်ဖုန်းခေါ်ပြောသောသူဖြစ်သည်။)

ကျောင်းပတ်ဝန်းကျင်နှင့်အသားကျအောင်ပြုလုပ်ခြင်းနေ့၌၊ ဆရာများနှင့် သင်ပြောဆိုနိုင်သည်။ အောက်ပါတို့သည် ကျောင်းပတ်ဝန်းကျင်နှင့်အသားကျအောင်ပြုလုပ်ခြင်းနေ့၌ ဆဂုာများနှင့် သင်မေးမြန်းနိုင်သောမေးခွန်းများဖြစ်သည် –

☐ ကျွန်ုပ်၏ကလေးမည်သည့်နေရာထိုင်သလဲ?

☐ ကျွန်ုပ်၏ကလေးဘာတွေလေ့လာသလဲ?

☐ စာသင‌နေ့များ၌ ဘာတွေဖြစ်သလဲ?

☐ ကျွန်ုပ်ကလေး၏ ကျောင်းစာများကိုကြည့်နိုင်သလား?

☐ ကျွန်ုပ်၏ကလေးကိုဘယ်လို အကူအညီပေးနိုင်သလဲ?

☐ အခြားကလေးဘယ်လောက်ဟာဒအတန်းထဲမှာရှိသလဲ?

☐ အခြားကလေးဘယ်လောက်ဟာအင်္ဂလိပ်စာကိုလေ့လာနေကြသလဲ?

☐ ကျွန်ုပ်၏ကလေးသည် အတန်းထဲ၌ မည်သို့ပြုမူသင့်သလဲ? သို့မဟုတ်၊
စာသင်ခန်း၏စည်းကမ်းများကဘာတွေလဲ?

☐ ကျွန်ုပ်၏ကလေးကို ပြုမူနေထိုင်ရန် သင်ဘယ်လိုသင်ကြားသလဲ?

☐ ကျွန်ုပ်၏ကလေးကိုအိမ်မှာ ဘယ်လိုကူညီပေးနိုင်သလဲ?

အကယ်၍ဆရာနှင့်တွေ့ဆုံပြောဆိုရန်သင်အကူအညီလိုပါက၊ ကျောင်းပတ်ဝန်းကျင်နှင့်အသားကျအောင်ပြုလုပ်ခြင်းနေ့မတိုင်မီ ရက်အနဲငယ်ကတည်းကစကားပြန်အတွက်ကျောင်းမှ တောင်းဆိုထားပါ။ စကားပြန်အတွက် သင်မည်သို့တောင်းဆိုနိုင်သည် ဆိုသည့်ဥပမာများ **နောက်ဆက်တွဲများ 1 နှင့် 2** တွင်ကြည့်ပါ။

## *3. မိဘ–ဆရာညှိနှိုင်းဆွေးနွေးပွဲဆိုတာဘာလဲ?*



မိဘ–ဆရာညှိနှိုင်းဆွေးနွေးပွဲဆိုသည်မှာ ကလေးကျောင်းမှာသင်ကြားသည့်အရာများကို မိဘနှင့် ဆရာများတွေ့ဆုံပြောဆိုခြင်းဖြစ်သည်။ အကယ်၍ကလေးသည် ကျောင်းသားကောင်း တစ်ယောက်ဖြစ်ပါက ကလေး၏ကျောင်းအလုပ်များ အကြောင်းပြောဆိုကြသည်။ ကလေး၏အပြုအမူအကြောင်းလည်းပြောဆိုကြသည်။

ဒါဟာသင့်ကလေးအကြောင်းမေးခွန်းများမေးရန်သင့်အတွက်အကောင်းဆုံးအချိန်ဖြစ်သည်။

အောက်ပါတို့သည် ဆရာအားသင်မေးနိုင်သော မေးခွန်းများဖြစ်သည် –



- ☐ ကျွန်ုပ်၏ကလေးကျောင်းတွင်ဘာကိုလေ့လာသလဲ?
- ☐ ကျွန်ုပ်ကလေး၏အလုပ်များကိုကြည့်နိုင်သလား?
- ☐ ကျွန်ုပ်၏ကလေးသည်ကျောင်းသားကောင်းတစ်ယောက်ဖြစ်သလား?
- ☐ ကျွန်ုပ်၏ကလေးသည်ဘာသင်ခန်းစာများကိုကြိုက်သလဲ?
- ☐ ဘာသင်ခန်းစာများသည် ခက်ခဲသလဲ?
- ☐ ကျွန်ုပ်၏ကလေးသည်ကျောင်းသားကောင်းတစ်ယောက်ဖြစ်ရန်ဆရာမှမည်သို့ကူညီနိုင်သလဲ?
- ☐ ကျနုပ်၏ကလေးသည်ကျောင်းသားကောင်းတစ်ယောက်ဖြစ်ရန်ကျနုပ်မှမည်သို့ကူညီနိုင်သလဲ?
- ☐ ကျနုပ်လည်းပဲ အင်္ဂလိပ်စာသင်ယူနေသူဖြစ်ပါက ကျနုပ်၏ကလေးကို ဘာကူညီပေးနိုင်သလဲ?
- ☐ ကျွန်ုပ်၏ကလေးသည် ကျောင်း၌ မည်သို့ပြုမူနေထိုင်သလ?
- ☐ ကျွန်ုပ်ကလေး၏သူငယ်ချင်းများကဘယ်သူတွေလဲ?
- ☐ ကျွန်ုပ်ကလေး၏ကျောင်း၌အပြုအမူများကိုကူညီရန်အိမ်တွင်ဘာလုပ်ပေးနိုင်သလဲ?



အကယ်၍သင်သည် အင်္ဂလိပ်စကားမပြောနိုင် သို့ ကောင်းကောင်းနားမလည်နိုင်ပါက၊ သင်သည် တွေ့ဆုံဆွေးနွေးပွဲသွားရန် စကားပြန်လိုပါသည်။ ဆရာမှသင်နှင့်တွေ့ရန် အချိန်ဇယား ဆွဲသောအခါ၊ ဆရာအား စကားပြန်အတွက်တောင်းဆိုပါ။ သင့်မှာ စကားပြန်ရရန် တောင်းဆိုခွင့်ရှိသည်။

ကျေးဇူးပြု၍စကားပြန်အတွက် တောင်းဆိုနိုင်သည့်နည်းလမ်းများကို **နောက်ဆက်တွဲများ 1** နှင့် **2** တွင်ကြည့်ပါ။

သင်လည်းပဲ မိဘတစ်ယောက်အဖြစ်သင့်ကလေးနှင့် ပတ်သက်သမျှအကြောင်းကို ဆရာနှင့်ပြောဆိုနိုင်သည်။ ပတ်သက်သည့်အကြောင်းအရာများသည် သင်စိုးရိမ်ပူပန်နေသောအရာများဖြစ်သည်။

အောက်ပါတို့သည် ဆရာများအားသင်မေးနိုင်သော မေးခွန်းနမူနာများဖြစ်သည် –

- ☐ ကျွန်ုပ်၏ကလေးသည် သူဖြစ်ချင်သမျှပြောနိုင်သည်ဟုထင်နေသည်၊ အဘယ်ကြောင့်ဆိုသော် သူသည် အမေရိကားတွင် "လွတ်လပ်သူဖြစ်သည်"။ သူသည်အိမ်တွင်မကောင်းသည့်စကားများပြောဆိုသည်။ ကျောင်းမှာကျွန်ုပ်၏ကလေးဘာတွေသင်သလဲ? အကယ်၍၄င်းသင်ခန်းစာများကိုကျွန်ုပ်သဘောမတူလျှင် ဘာဖြစ်မလဲ?

မိဘများပူးပေါင်းပါဝင်ခြင်း

- ☐ ကျွန်ုပ်၏ကလေးသည် သူမဖြစ်ချင်သမျှလုပ်နိုင်သည်ဟုပြောသည်။ အကယ်၍ကျွန်ုပ်မှသူမအား ရပ်တန့်သောအခါ၊ 911 ကိုဖုန်းခေါ်မည်ဟုပြောသည်။ ဒါဟာမှန်ပါသလား?
- ☐ ကျွန်ုပ်၏ကလေးသည်သူမမှာ အိမ်စာမရှိဟုပြောသည်။ သို့သော် သူမမှာရှိသည်ဟုကျွန်ုပ်ထင်သည်။ သူမမှာအိမ်စာရှိသည်ဟု သင်ကျွန်ုပအားမည်ကဲ့သို့ပြောပြနိုင်သနည်း?
- ☐ ကျွန်ုပ်၏ကလေးသည် ညအခါကောင်းကောင်းမအိပ်ပဲ အရှုးကဲ့သို့ပြုမူသည်။ ကျောင်းမှမည်သို့ကူညီပေးနိုင်သလဲ?
- ☐ ကျွန်ုပ်ကလေး၏အိမ်စာများကို ကျွန်ုပ်နားမလည်ပါ။ ကျွန်ုပ်သည်အင်္ဂလိပ်စာသင်ယူနေဆဲဖြစ်သည်။ ကျွန်ုပ၏ကလေးအားအိမ်၌ကူညီရန်ဘာလုပ်နိုင်သလဲ?

သင့်ကလေးသင်ယူထားသည့်ကောင်းသည့်အရာများကိုလည်းဆရာနှင့် သင်ပြောဆိုနိုင်သည်။ အောက်ပါတို့သည် ဆရာများအားသင်မေးချင်သော မေးခွန်းများဖြစ်သည် –

- ☐ ကျွန်ုပ်၏ကလေးကသူမ၏ အိမ်စာများမှာလွယ်ကူသည်ဟုပြောသည်။ သူမသည် ကျောင်းကိုနှစ်သက်ကြောင်းလည်းအလွန်ပြောသည်။ သူမ၏လေ့လာမှုကိုကူညီရန် ကျွန်ုပဘာလုပ်ပေးနိုင်သလဲ?
- ☐ ကျွန်ုပ်၏ကလေးသည် သူ့ညီများ၏အိမ်စာများကို ကူညီပေးရန်နှစ်သက်သည်။ အများကိုကူညီပေးရန် တိုက်တွန်းအားပေးဖို့ကျောင်းမှဘာကူညီပေးနိုင်သလဲ?
- ☐ ကျောင်း၏ဘာအစီအစဉ် သို့ လုပ်ဆောင်မှုများကိုကျွန်ုပ်၏ကလေး နှစ်သက်မည်ဟု သင်ထင်သလဲ? ကျွန်ုပ်၏ကလေးကို ၄င်းအစီအစဉ်များတွင် စာရင်းသွင်းရန် ကျွန်ုပ်ဘာလုပ်ပေးနိုင်သလဲ?
- ☐ ကျွန်ုပ်၏ကလေးသည် ဆရာဝန်ဖြစ်ချင်သည်။ ကျောင်း၏ဘာအစီအစဉ်များသည် သူ့အားပြင်ဆင်ရန် ကူညီပေးနိုင်သလဲ?
- ☐ ကျွန်ုပ်၏ကလေးသည်လူ့အဖွဲ့အစည်းကောလိပ်သို့တက်ရောက်ချင်သည်။ ကျောင်းမှဘာကူညီပေးနိုင်သလဲ? ကျွန်ုပ်မှဘာလုပ်နိုင်သလဲ?

ကျောင်းမှဘာကူညီပေးနိုင်သလဲ သို့ သင်၏ကလေးအားတိုက်တွန်းအားပေးရန် ဆိုသည့် အကူအညီတောင်းခံရန် အရေးကြီးပါသည်။ သင်ဘာလုပ်ပေးနိုင်သလဲဆိုတာ သင်ယူရန်လည်းပဲအလွန်အရေးကြီးပါသည်။

မိဘ–ဆရာညှိနှိုင်းဆွေးနွေးပကို ဆောင်းဦးပေါက်ချိန်နှင့် နွေဦးပေါက်ချိန်တို့တွင်ပြုလုပ်ရန် အချိန်ဇယားလုပ်ထားပါသည်။ ဆရာများမှသင့်အားခေါ်ဆိုလိမ့်မည် သ. အစီအစဉ်အချိန်အတိုင်း မှတ်ချက်ပေးပို့ပါလိမ့်မည်။ မိဘများသည် ဆရာနှင့်တွေ့ဆုံရန် နှစ်တနှစ်၏မည်သည့်အချိန်မဆို တောင်းဆိုနိုင်သည်။ သင်ဆရာနှင့်ပြောဆိုသောအခါ စကားပြန်ကူညီပေးရန် ကျောင်းမှတောင်းဆိုဖို့သတိရနေပါ။

ဆရာနှင့်သင်သည်အောက်ပါအကြောင်းအရာများပြောဆိုလိုပေလိမ့်မည် –

- သင့်ကလေး၏အလုပ် သို့ အစီရင်ခံစာကတ်ပြား
- သင့်ကလေး၏အပြုအမူ
- ကျောင်း၌သင့်ကလေးသင်ယူသောသင်ခန်းစာများ
- တခါတရံ ကျောင်း၌သင့်ကလေးဖြစ်ပျက်သောအဖြစ်အပျက်များ

ဆရာနှင့်တွေ့ဆုံရန်ခွင့်မည်သို့တောင်းဆိုနိုင်သည့်နမူနာပုံစံကို **နောက်ဆက်တ 3** တွင်ကြည့်ပါ။

## *4. ကျောင်းပြီးချိန်လုပ်ဆောင်မှုများကဘာတွေလဲ?*

ကျောင်းတက်ချိန်ပြီးဆုံးသောအခါ၊သင့်ကလေးလုပ်နိုင်သောအရာများစွာရှိနေသေးသည်။ ၎င်းတို့ကို ကျောင်းပြီးချိန်လုပ်ဆောင်မှုများဟုခေါ်သည်။ လူကြီးတစ်ဦးသည်ထိုလုပ်ဆောင်မှုများ၏စီမံအုပ်ချုပ်သူဖြစ်လိမ့်မည်။ယင်းလူကြီးသည် သင့်ကလေး၏ဆရာမဟုတ်။ လူကြီးသည်နည်းပြဖြစ်လိမ့်မည်။ နည်းပြဆိုသည်မှာ ကျောင်းသားများကိုအားကစားသင်ပေးသောလူကြီးဖြစ်သည်။

အောက်ပါတို့သည် သင့်ကလေး၏ကျောင်းတွင်ရှိသော လုပ်ဆောင်မှုများဖြစ်သည် –

အားကစား –
ဘောလုံးကဲ့သို့



နည်းပြဆရာ –
သင့်ကလေးအားကျောင်းအလုပ်များကူညီပေးသောသူ



ကလပ်အသင်း –
တူညီသောအရာများအတူတူပြုလုပ်ကြသောကျောင်းသားများအုပ်စု



ကပွဲရုံ သို့ ရုပ်ရှင်ရုံ



တေးဂီတ





အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

**မိဘများပူးပေါင်းပါဝင်ခြင်း**

ကျောင်းချိန်အပြီးလုပ်ဆောင်မှုများသည် ကလေးများနှင့် မိဘများအတွက်ကောင်းပါသည်။ ကလေးများ၏ကျောင်းချိန်အပြီး လုပ်ဆောင်မှုများ –



သူငယ်ချင်းသစ်များတွေ့ခြင်း



အရာသစ်များသင်ယူခြင်း



ကောလိပ်အတွက်ပြင်ဆင်ခြင်း

အချို့မိဘများသည် ကျောင်းချိန်အပြီးလုပ်ဆောင်မှုများကို နှစ်သက်ကြသည်။ အဘယ်ကြောင့်ဆိုသော်၊ ကလေးများအတွက် လုံခြုံစွာကြီးကြပ်ပေးသောကြောင့်ဖြစ်သည်။

မိဘများသည် ကျောင်းချိန်အပြီးလုပ်ဆောင်မှုများနှင့် ပတ်သက်ပြီး မေးခွန်းများမေးရန်လိုသည် –

- ငွေဘယ်လောက်ကုန်ကျသလဲ?
- ကလေးသည် ကျောင်းချိန်အပြီးလုပ်ဆောင်မှုများမှအိမ်သို့မည်သို့ပြန်လာမလဲ?
- မိဘများသည် ကျောင်းချိန်အပြီးလုပ်ဆောင်မှုများအတွက် မည်ကဲ့သို့စာရင်းသွင်းရမလဲ?



**ကုန်ကျစရိတ်**
အချို့ကျောင်းချိန်အပြီးလုပ်ဆောင်မှုများသည် ငွေကုန်ကျမှုရှိသည်။ ဒါကို လစဉ်ကြေးဟုခေါ်သည်။ ဥပမာ၊ ဝတ်စုံကြေး သို့ ရေးဖိနပ်အသစ်အတွက်သင်ပေးရလိမ့်မည်။ (သို့) တေးဂီတသင်ခန်းစာများအတွက် သင်ပေးရလိမ့်မည်။

လုပ်ဆောင်မှုများမှငွေဘယ်လောက်ကုန်ကျမယ်ဆိုတာကျောင်းကိုမေးပါ။ ထို့အတူ၊ သင့်ကလေးအတွက် ငွေအနဲငယ်သာပေး၍ရသလားဆိုတာကျောင်းကိုမေးပါ။ ငွေကြေးလျော့ပေါ့ခွင့်တောင်းခံရန်နည်းလမ်းများကို **နောက်ဆက်တွဲ 10** တွင်ကြည့်ပါ။



**သယ်ယူပို့ဆောင်ရေး**
လုပ်ဆောင်မှုအများစုကို ကျောင်းချိန်အပြီးတွင် ဇယားဆွဲထားပါသည်။ မိဘများသည် ကလေးများ ကျောင်းချိန်အပြီးလုပ်ဆောင်မှုများမှအိမ်သို့ဘယ်လိုပြန်လာမယ်ဆိုတာ မေးရန်လိုသည်။ ကျောင်း၌ဘတ်စကားရှိလိမ့်မည်။ ကျောင်းမှသင့်ကလေးအားမြို့ပတ်ဘတ်စကားစီးခွင်လက်မှတ်ပေးလိမ်မည်။ (သို့) တစ်ဦးဦးမှကလေးကို သွားကြိုရန် လိုပေလိမ့်မည်။



အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

**မိဘများပူးပေါင်းပါဝင်ခြင်း**

အကယ်၍သင့်ကလေးကို သွားကြိုရန်လိုပါက၊ ဘယ်အချိန် လုပ်ဆောင်မှုပြီးဆုံးပြီး သင့်ကလေးဘယ်မှာရှိမယ်ဆိုတာ မေးမြန်းပါ။

**စာရင်းသွင်းခြင်း**



သင်သည် သင့်ကလေးကျောင်းချိန်အပြီးလုပ်ဆောင်မှုများအတွက် စာရင်းသွင်းရန်လိုပါသည်။
ဆိုလိုသည်မှာ သင်သည် သင့်ကလေးပါဝင်ခွင့်ပြုကြောင်းစာရွက်ပေါ်တွင်ခွင့်ပြုလက်မှတ်ထိုးရန်လိုသည်။
လက်မှတ်မထိုးမှီ စာရွက်များမှဘာဆိုလိုသည်ဆိုတာကိုသင်နားလည်ထားတာသေချာနေပါစေ။

စာရွက်များဖတ်ရာတွင်သင်ဒုက္ခရောက်နေပါက၊ ဆရာ သို့ နည်းပြအား သင့်ကိုရှင်းပြပေးရန်
တောင်းဆိုပါ။ သင်သည်၄င်းတို့ကိုဘာသာပြန်ရရန်လည်းတောင်းဆိုနိုင်သည်။

သင်သည်အရေးပေါ်ကိစ္စရှိပါကမည်သူ့ကိုခေါ်ရန် ကျောင်းအားပြောပြထားပါ။ သင်ယုံကြည်သောသူ၏ အမည်နှင့်
ဖုန်းနံပါတ်ကိုပေးထားပါ။ ထိုပုဂ္ဂိုလ်မှသာ သင့်ကလေးအားလာကြိုနိုင်သည်။

## *5. ကျောင်း၏ဆောင်ရွက်လှုပ်ရှားမှုများကဘာတွေလဲ?*

ကျောင်းတွင် ဘောလုံးကစားပြိုင်ပွဲ သို့ ကပွဲရှိရှိလိမ့်မည်။ ၄င်းတို့ကို ဆောင်ရွက်လှုပ်ရှားမှုများဟုခေါ်သည်။
ဆောင်ရွက်လှုပ်ရှားမှုအများစုသည် အခမဲ့ သို့ ပိုက်ဆံအနည်းငယ်သာ ကုန်ကျသည်။



အကယ်၍သင့်ကလေးသည် ဘောလုံးကစားပြီး ပြိုင်ပွဲရှိပါက၊
သင်သွားရန်အရေးကြီးပါသည်။



သင်သည် သင့်ကလေးအားသူ/သူမအား
ထောက်ပံ့သည်ဆိုတာနှင့် သူ/သူမအရာ
သစ်များကောင်းစွာ ပြုလုပ်နိုင်သည်ဆိုတာ
ပြသင့်သည်။

သင်၏ကလေးသည် ယုံကြည်မှုရှိစွာနှင့် လေးစားစွာ သင်ယူနိုင်သည်။ ယုံကြည်ခြင်းဆိုသည်မှာ သင့်ကလေးတစ်ခုခုလုပ်နိုင်သည်ဟု တွေးခေါ်ခြင်းဖြစ်သည်။ လေးစားမှုဆိုသည်မှာ သင့်ကလေးသည်အခြားသူများကိုအရင် ဦးစားပေးတွေးခေါ်ခြင်းဖြစ်သည်။

ထို့အတူ၊ သင်လည်းပဲ အခြားမိဘများနှင့် သင့်ကလေး၏သူငယ်ချင်းများနှင့်တွေ့နိုင်သည်။

## *6. ကျွန်ုပ်၏ကလေးကိုအိမ်၌မည်သို့ကူညီပေးနိုင်သလဲ?*



ကလေးများသည် သူတို့၏ကျောင်းအကြောင်းသင်မေးပါက နှစ်သက်ကြသည်။ သင်၏မေးခွန်းသည် သင့်ကလေးကျောင်းသားကောင်းတစ်ယောက်ဖြစ်ရန်အရေးကြီးသည် ဆိုတာပြသသည်။

သင့်ကလေးနှင့်စကားပြောရန်ကူညီမှုပေးသည့်မေးခွန်းများကို ကြိုးစားပြီးမေးပါ။
သင့်ကလေးမှ "ဟုတ်တယ်" သို့ "မဟုတ်ဘူး" ဆိုသည့် မေးခွန်းများသာဖြေဆိုရသည့် အမေးများ မေးခြင်းမှရှောင်ကြဉ်ပါ။



အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

အောက်ပါတို့သည် သင့်ကလေးအားမေးနိုင်သောမေးခွန်းအချို့ဖြစ်သည် –

- ☐ ကျောင်းမှာဒီနေ့ဘာတွေသင်ယူခဲ့ရသလ?
- ☐ သင့်နေ့ရဲ့အကောင်းဆုံးအပိုင်းကဘာလဲ?
- ☐ အခက်ခဲဆုံးအပိုင်းကဘာလ?
- ☐ ဘာအိမ်စာတွေသင့်မှာရှိသလဲ?
- ☐ သင့်ရဲ့အတန်းများနှင့်ပတ်သက်ပြီး ဘယ်လိုကူညီ ပေးနိုင်သလဲ?

အကယ်၍သငကလေးကျောင်းတွင်ဘာတွေသင်ယူနေသည်ဆိုတာသင်နားမလည်လျှင်၊ ဆရာမှသင်ခန်းစာများအား သင့်ကိုရှင်းပြပေးရန်တောင်းဆိုပါ။

သင့်ကလေးမှ သူတို့၏အိမ်စာများအကြောင်းသင့်ကိုပြောပြခိုင်းပါ။ ဖြစ်နိုင်သောသင့်ကလေး၏အိမ်စာများမှာ –

- သူတို့ကျောင်းမှာစတင်ခဲ့သောအလုပ်ဖြစ်သည်။ သင့်ကလေးသည် အိမ်၌အလုပ်ကိုပြီးရန်လိုသည်။
- ကျောင်းတွင်သူတို့လေ့လာခဲ့သမျှကို အိမ်တွင်လေ့ကျင့်ပါ။
- အစီရင်ခံစာတစ်စောင် သို့ စီမံကိန်းပရောဂျက်။ အစီရင်ခံစာတစ်စောင်ဆိုသည်မှာ သူတို့လေ့လာခဲ့သမျှကို ရေးသားခြင်းဖြစ်သည်။ စီမံကိန်းပရောဂျက်ဆိုသည်မှာ သူတို့လေ့လာခဲ့သမျှကို အတန်းအားပြောပြခြင်းဖြစ်သည်။
- စာမေးပွဲအတွက်လေ့ကျက်ပါ။

သင့်ကလေးအားကျောပိုးအိတ်ကိုရှင်းရန်သတိပေးပါ။ တခါတရံ၊ ကလေးများသည် ကျောပိုးအိတ်ထဲတွင်စာရွက်ဟောင်းများဖြင့်ပြည့်နေပြီး အလုပ်များမေ့နေတတ်သည်။

## *7. ကျွန်ုပ်အင်္ဂလိပ်စကားကောင်းကောင်းမပြောနိုင်လျှင် ကျွန်ုပ်ကလေး၏အိမ်စာအတွက် မည်သို့ကူညီနိုင်သလဲ?*



**အိမ်တွင်အိမ်စာလုပ်ရန်အချိန်သတ်မှတ်ပါ။** ၄င်းအချိန်သည် ကျောင်းပြီးပြီးချင်း သို့ ညစာမစားမီဖြစ်နိုင်သည်။ ၄င်းသည်နေ့စဉ်အချိန်တူဖြစ်သင့်သည်။ ကလေးများအိမ်စာနေ့စဉ်လုပ်ရန်လိုသည်။

**ဤအချိန်သည်အိမ်စာလုပ်ရန်အချိန်သာဖြစ်ကြောင်းသင့်ကလေးကိုပြောပြပါ။** တီဗွီ (TV) သို့ ရေဒယိုတို့ကိုပိတ်ထားပါ။ သငကလေးသည် သူ/သူမ၏အိမ်စာလုပ်ရန်တိတ်ဆိတ်ငြိမ်သက်သောနေရာလိုသည်။

မဖွင့်ရ



မဖွင့်ရ



**သင့်ကလေးသည်ညဥ့်ကောင်းမွန်စွာအိပ်တာသေချာပါစေ။** ဆိုလိုသည်မှာညနက်ပိုင်းတွင်  တီဗွီ (TV) သို့ တေးဂီတ မဖွင့်ရ၊ သို့ ကစားခြင်းခွင့်မပြုရ။



အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

**သင့်ကလေး၏အိမ်စာများကိုကြည့်ရှုစစ်ဆေးပါ။** သူတို့၏အိမ်စာများအကြောင်းသင့်ကိုပြောပြဖို့မေးမြန်းပါ။ တခါတရံ၊ ကလေးများသည် သူတို့၏အိမ်စာများအကြောင်းပြောပြရာတွင် မှားယွင်းသောအရာများကိုမြင်နိုင်သည်။

~~Kat~~ Cat



**သင့်ကလေး၌အိမ်စာများနှင့်ပတ်သက်ပြီးပြဿနာရှိပါကမှတ်ချက်ရေးပါ။** သင့်ကလေးသည် စိတ်ပျက်စရာကြုံတွေ့လိမ့်မည်။ သင့်ကလေး၏အိမ်စာများနှင့်ပတ်သက်ပြီး သူ/သူမ၏ပြဿနာကိုပြောဆိုပါ။ သင်မကူညီနိုင်ပါက၊ ဆရာကိုပြောပြပါ။ ဆရာမှသင့်ကလေးအကူအညီလိုကြောင်း သိသည့်အခါ၊ ဆရာသည်သင့်ကလေးအားကူညီရန်အချိန်ရှာဖွေနိုင်သည်။

သင့်ကလေး၏ သင်ခန်းစာများနှင့်ပတ်သက်ပြီး သူ/သူမ၌ပြဿနာရှိပါက ဆရာနှင့်တွေ့ဆုံပြီး ပြောဆိုရန်တောင်းခံနိုင်သောနည်းလမ်းများကို **နောက်ဆက်တွဲ 3** တွင်ကြည့်ပါ။

တခါတရံ၊ ကလေးများသည် အိမ်စာမလုပ်လိုကြပေ။ သူတို့သည် ကစားခြင်း သို့ တီဗွီ (TV) ကြည့်ခြင်းတို့သာလုပ်လိုသည်။ သူတို့မှာအိမ်စာမရှိဟုသင့်ကိုပြောလိမ့်မည်။ အကယ်၍သင့်ကလေးသည် သူ/သူမ၏အိမ်စာမလုပ်ပါက၊ သင့်ကလေးကျောင်းတွင် ဒုက္ခရောက်လိမ့်မည်။

ဆရာအားသင့်ကလေး၏အိမ်စာများနှင့်ပတ်သက်ပြီးနေ့စဉ်မှတ်ချက်တစ်ခုရေးပေးရန်တောင်းဆိုပါ။ အကယ်၍သင့်ကလေး၌ အိမ်စာမရှိပါက၊ ဆရာသည်မှတ်ချက်တွင်ရှိကြောင်းပြောလိမ့်မည်။ သင်အင်္ဂလိပ်စာမဖတ်ပါက၊ ဆရာအားသင့်အတွက်ပုံဆွဲပြီး သူ/သူမ၏အမည်နှင့် လက်မှတ်ရေးထိုးပေးရန်တောင်းဆိုပါ။

ဥပမာ၊ အိမ်စာမရှိသောအခါ ဆရာထံမှမှတ်ချက်သည် ဤကဲ့သို့ပုံစံဖြစ်လိမ့်မည် –

(အင်္ဂလိပ်)



Dec. 13, 2006

Dear Parent,

Your child does not have homework today.

Thank you,

(ဘာသာပြန်)

2006 ခုနှစ်၊ ဒီဇင်ဘာလ 13

ချစ်စွာသောမိဘများ,

သင့်ကလေး၌ ယနေ့အိမ်စာမရှိပါ။



ကျေးဇူးတင်ပါတယ,





**အင်္ဂလိပ်စာကိုသင့်ကလေးနှင့်အတူလေ့လာပါ။** အိမ်တွင်စာဖတ်သောကလေးများသည် အင်္ဂလိပ်စာလေ့လာရာတွင်အလွန်မြန်သည်။ အင်္ဂလိပ်စာတတ်သောမိဘများသည် သူတို့ ကလေး၏အိမ်စာများကိုကူညီနိုင်သည်။ (အင်္ဂလိပ်စာလေ့လာခြင်းသည်သင့်အားလစာပေး ကောင်းသောအလုပ်ကောင်းတစ်ခုရှာဖွေရန်လည်းကူညီပေးသည်။)

**အိမ်တွင်စာဖတ်ရန်အချိန်သတ်မှတ်ပါ။** သင်မှသင့်ကလေးအတွက်ဖတ်နိုင်သည် သို့ သင့်ကလေးမှသင့်အတွက်ဖတ်နိုင်သည်။

## 8. *ကျောင်းသားကောင်းတစ်ယောက်ဖြစ်စေရန်ကျွန်ုပ်၏ကလေးအားအခြားမည်သို့ကူညီနိုင်သလဲ?*

**ဆရာ သို့ ကျောင်းအတွင်းရေးမှူးအား သူတို့တွင်အပြင်မှထောက်ပံ့သည့်အလုပ်သမားရှိသလားဆိုတာမေးမြန်းပါ။** အပြင်မှ ထောက်ပံ့သည့်အလုပ်သမားဆိုသည်မှာ မိသားစုနှင့် ကျောင်းသားများအတွက် အလုပ်လုပ်ပေးသူကိုခေါ်သည်။ သူတို့သည် သင့်အတွက်ဘာသာပြန်ပေးနိုင်သည်။ သူတို့သည်သင့်အား စာသင်ခန်းများနှင့် ကျောင်းအကြောင်းသင်ယူရန်ကူညီပေးနိုင်သည်။ သူတို့သည် သင်၏မေးခွန်းများကိုဖြေဆိုနိုင်သည်။



**ကျောင်း၌လမ်းညွှန်အကြံပေးပုဂ္ဂိုလ်ရှိသလားဆိုတာမေးမြန်းပါ။** လမ်းညွှန်အကြံပေးပုဂ္ဂိုလ ဆိုသည်မှာ သင့်ကလေးအားကောလိပ်တက်ရန် သို့ အလုပ်လုပ်ရန်စီစဉ်ရာတွင်ကူညီပေးသူ ဖြစ်သည်။ သူတို့သည် သင်၏မေးခွန်းများကိုဖြေဆိုနိုင်သည်။ အကယ်၍သင်၏ကလေးသည် ကျောင်းတွင်အခက်အခဲရှိနေလျှင် သို့ အပြုအမူမှားယွင်းနေလျှင်၊ အကြံပေးပုဂ္ဂိုလမှကူညီ ပေးနိုင်သည်။

လမ်းညွှန်အကြံပေးပုဂ္ဂိုလနှင့်တွေ့ဆုံရန်တောင်းဆိုသောနမူနာပုံစံကို **နောက်ဆက်တွဲ 3** ကိုသုံးပါ။

မိဘများပူးပေါင်းပါဝင်ခြင်း

အောက်ပါတို့သည် လမ်းညွှန်အကြံပေးပုဂ္ဂိုလအားမေးမြန်းနိုင်သောမေးခွန်းအချို့ဖြစ်သည် –

- ☐ ကျွန်ုပ်၏ကလေးသည်ကျောင်းမှာဒုက္ခရောက်နေသည်။ ကျွန်ုပ်တို့ဘာလုပ်နိုင်သလဲ?
- ☐ ကျွန်ုပ်၏ကလေးသည်အိမ်မှာဒုက္ခရောက်နေသည်။ သူ/သူမသည် ________________ ကဲ့သို့ပြုမူနေသည်။ ကျွန်ုပ်တို့ဘာလုပ်နိုင်သလဲ?
- ☐ ကျွန်ုပ်၏ကလေး __________________ မှာအလုပ်ရချင်သည်။ သူ/သူမဘာလုပ်ရန်လိုသလဲ?
- ☐ ကျွန်ုပ်၏ကလေးကောလိပ်ကျောင်းတက်ချင်သည်။ သူ/သူမဘာလုပ်ရန်လိုသလဲ? ဘယ်လောက်ကုန်ကျမလဲ? ကျွန်ုပ်တို့ကျောင်းအတွက်မည်သို့ပေးနိုင်သလဲ?

**ကျောင်းမှာမိသားစုအတွက် အင်္ဂလိပ်စာသင်ယူရန်အစီအစဉ်ရှိသလားဆိုတာမေးမြန်းပါ။** ကျောင်း၌ကလေး၏မိဘများ အင်္ဂလိပ်စာသင်ယူရန်တွေ့ဆုံပွဲရှိလိမ့်မည်။ သူတို့မှာ သင်၏မေးခွန်းများကိုဖြေဆိုရန် ဘာသာပြန် သို့ အပြင်မှထောက်ပံ့ပေးသူ အလုပ်သမားရှိလိမ့်မည်။

**ကျောင်းမှသင့်ထံပေးပို့သောစာရွက်စာတမ်းများကိုနားလည်ပါ။** စာရွက်စာတမ်းများသည် သင့်ကလေး၏အလုပ်နှင့် သူ/သူမ၏ အပြုအမူများအကြောင်းပြောပြနိုင်သည်။ အကယ်၍သင့်ကလေး၌သင်ခန်းစာများနှင့်ပတ်သက်ပြီးဒုက္ခရောက်နေလျှင်၊ အပြုအမူ မှားယွင်းနေလျှင် သို့ အခြားကျောင်းသားများနှင့် ခိုက်ရန်ဖြစ်ပွားလျှင် ၄င်းတို့မှပြောပြနိုင်သည်။

စာရွက်စာတမ်းများသည သင့်ကလေး၏ကောင်းသောအရာများကိုလည်းပြောပြနိုင်သည်။ သင့်ကလေးစာမေးပွဲ၌ကောင်းကောင်း ဖြေဆိုလျှင်၊ စာသင်ခန်းထဲတွင်အကူအညီပေးလျှင် သို့ အထူးစီမံကိန်းပရောဂျက်၌အလုပ်လုပ်နေလျှင် သူတို့မှပြောပြနိုင်သည်။

သင့်၏ကလေးကျောင်း၌ဘာလုပ်နေသလဲဆိုတာသိထားရန်လည်းအရေးကြီးပါသည်။ စာရွက်စာတမ်းများကိုနားမလည်ပါက၊ ဆရာနှင့်တွေ့ဆုံရန်အတွက်တောင်းဆိုပါ။ သင့်ကလေးအား စာရွက်စာတမ်းများကို သင့်အတွက်ဘာသာပြန်ပေးရန် **မတောင်းဆိုပါနှင့်**။

ဆရာမအား သင့်အတွက်စာရွက်စာတမ်းများကိုရှင်းပြပေးရန်တွေ့ဆုံပ မေတ္တာရပ်ခံခြင်းဖြင့် မေးမြန်းနိုင်သည်။ အိမ်သို့ပို့ လိုက်သောစာရွက်စာတမ်းများကိုဆွေးနွေးရန် သင့်ကလေး၏ဆရာမအား တွေ့ဆုံရန်မေတ္တာရပ်ခံရာအသုံးပြုသောနမူနာစာကို **နောက်ဆက်တွဲ 3** တွင်ကြည့်ပါ။

# VI. ကျောင်း၏စည်းမျဉ်းစည်းကမ်းများနှင့်နည်းလမ်းများ



ကျောင်းတိုင်းနှင့် စာသင်ခန်းတိုင်းတွင် ကလေးများလိုက်နာရန်လိုသည့်စည်းကမ်းများရှိသည်။ စည်းကမ်းများမှ ကလေးများကျောင်းတွင်မည်ကဲ့သို့ပြုမူနေထိုင်ရန်ပြောပြပါသည်။ စည်းကမ်းများမှ ကျောင်းသို့သူတို့ယူလာ၍မရနိုင်သောအရာများကိုလည်းပဲပြောပြသည်။

## 1. *ကျွန်ုပ်၏ကလေးသည်ဘာကြောင့်စည်းကမ်းလိုက်နာရန်လိုသလဲ?*

သင့်ကလေးသည် စည်းကမ်းလိုက်နာရန်အရေးကြီးပါသည်။စည်းကမ်းများမှ ကလေးများအားလုံခြုံစွာထိန်းသိမ်းထားပေးသည်။ စည်းကမ်းများမှ ကလေးများအားသူတို့၏သင်ခန်းစာများလေ့လာရာတွင်ကူညီမှုလည်းပေးသည်။

ဆရာများမှ ကလေးများအား စည်းကမ်းများကို နှစ်တစ်နှစ၏အစတိုင်းတွင် ပြောပြသည်။ မိဘများသည် စည်းကမ်းများကို ကျောင်းမှအိမ်သို့ပို့ပေးသော စာရွက်စာတမ်းများမှ လေ့လာကြသည်။ မိဘများသည် စည်းကမ်းများအကြောင်းကို မိဘ–ဆရာ တွေ့ဆုံပွဲအတွင်း သို့ ကျောင်း၏ဖွင့်ထားသောအိမ်တွင် လေ့လာနိုင်ကြသည်။

## 2. *ကျွန်ုပ်၏ကလေးသည်စည်းကမ်းမလိုက်နာပါကဘာဖြစ်မလဲ?*




ကလေးများစည်းကမ်းချိုးဖောက်ပါက အကျိုးဆက်များရှိသည်။ ကလေးများသည် ၄င်းအကျိုးဆက်များအကြောင်း လေ့လာကြပြီးတချိန်တည်းမှာပင် စည်းကမ်းများအကြောင်းကို လေ့လာကြသည်။ တခါတရံ၊ အကျိုးဆက်များသည် စည်းမျဉ်းနည်းလမ်းလုပ်ဆောင်မှု ဖြစ်သည်။ ဤအခန်း၏ **မေးခွန်းနံပါတ် #7** တွင် စည်းမျဉ်းနည်းလမ်းလုပ်ဆောင်မှု သတင်းအချက်အလက်များပိုမိုပါရှိပါသည်။

## 3. *ကျောင်းမှာအခြားစည်းကမ်းတွေကဘာတွေလဲ?*

အချို့ကျောင်းစည်းကမ်းများကို ဤလမ်းညွှန်၏အစပိုင်း **စာမျက်နှာ 3** တွင်စာရင်းပြု ထားပါသည်။ ဤအခန်း၏အဆုံးပိုင်းတွင်လည်းပဲ သင့်ကလေး၏ကျောင်း စည်းကမ်းများကို တွေ့ရလိမ့်မည်။

အကယ်၍စည်းကမ်းများကိုသင်နားမလည်ပါက၊ ဆရာနှင့်ပြောဆိုပါ။

## 4. တားမြစ်ထားသည့်အရာတွေကဘာတွေလဲ?

တားမြစ်ထားသည့်အရာများဆိုသည်မှာ သင့်ကလေးကျောင်းသို့ **မယူလာသင့်**သောအရာများဖြစ်သည်။
အောက်ပါတို့သည်အချို့အရာများကိုစာရင်းပြုထားပါသည် –




တတီတီမြည်သံ သို့ ပေဂျာ မယူရ



မီးခြစ် မယူရ



ဆယ်လူလာဖုန်း မယူရ



ပန်းထွက်စေသောသေနတ် မယူရ



လေဆာဘောပင်များ မယူရ



အဝတ်ပေါ်တွင်သံကြိုးပါသောအဝတ် မဝတ်ရ



မူးယစ်ဆေး သို့ အရက် မသောက်ရ



ဓါး မယူရ



သေနတ် မယူရ



စီးကရက် မသောက်ရ



အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

တားမြစ်ထားသည့်အရာအများစုသည် အန္တရာယရှိသည်။ အကယ်၍သူသည် တားမြစ်ထားသည့်အရာများကိုကျောင်းသို့ ယူလာပါက၊ ကျောင်းမှငင်းတို့ကို အဝေးသို့လွှင့်ပစ်လိမ့်မည်။သင့်ကလေးသည်ကျောင်းအုပ်ကြီးရုံးခန်းသို့သွားရလိမ့်မည်။ ထို့အတူ၊ သင့်ကလေးကိုကျောင်းမှထုတ်ပယ်နိုင်သည်။ ဆိုလိုသည်မှာ သင့်ကလေးသည်ထိုကျောင်းသို့ နောက်ထပ်ဘယ်တော့မှ မသွားရတော့ပေ။၄င်းစည်းကမ်းသည်အလွန်ပြင်းထန်ပါသည်။

သင့်ကလေး၏ကျောင်းသည် အခြားအရာများတားမြစ်နိုင်ပါသည်။ ဤအခန်း၏အဆုံးပိုင်းတွင်လည်းပဲ သင့်ကလေးကျောင်း၏ တားမြစ်ထားသည့်အရာများအကြောင်းသတင်းအချက်အလက်များပိုမိုပါရှိပါသည်။ သင့်မှာမေးခွန်းများရှိလျှင်၊ သင့်ကလေး၏ ဆရာနှင့်လည်းပဲ တိုင်ပင်နိုင်ပါသည်။

## *5. တခြားဘယ်အရာတွေကိုခွင့်မပြုသလဲ?*

**ဦးခေါင်းကိုကာကွယ်သောအရာများ** ဖြစ်သည့် ခေါင်းစီးပုဝါ သို့ ဦးထုပ်များကို သင့်ကလေးအား ဘာသာရေးအတွက်ဝတ်ဆင်သည်မဟုတ်လျှင် ခွင့်မပြုပါ။ အချို့ကျောင်းများ၌၊ ဆိုလိုသည်မှာ ကလေးများသည် သူတို့၏ဦးထုပ်များကို ချွတ်ထားရမည်။

ခွင့်မပြု။



ခွင့်ပြုသည် (ဖြစ်နိုင်)။



ဦးခေါင်းကိုကာကွယ်သောအရာများနှင့်ပတ်သက်ပြီး သင့်မှာမေးခွန်းများရှိလျှင်၊ သင့်ကလေး၏ဆရာနှင့်တိုင်ပင်ပါ။

**မည်သည့်အုပ်စုဂိုဏ်းကို ကိုးကားချက် သို့ ထောက်ပံ့ချက်များကခွင့်မပြု။** အချို့မြို့များတွင် အများဒုက္ခရောက်စေသော လူကြီးများနှင့် လူငယ်အုပ်စုများရှိတတ်သည်။ ယင်းအုပ်စုများကို ဂိုဏ်းအဖွဲ့ဟုခေါ်သည်။ ကျောင်းများမှယင်း ဂိုဏ်းအဖွဲ့ကို ထောက်ပံ့သောကလေးများအားခွင့်ပြုလိမ့်မည်မဟုတ်။ ဆိုလိုသည်မှာ အချို့အဝတ်အစားပုံစံများကို ကျောင်းမှတားမြစ်ထားသည်။

အောက်ပါတို့သည် သင့်ကလေး၏ကျောင်းမှခွင့်မပြုသောဂိုဏ်းအဖွဲ့၏အဝတ်အစားနမူနာများဖြစ်သည်။



ပြောက်ကြားပါသည့်
လည်စည်းပုဝါများ



ဂိုဏ်းအဖွဲ့ သင်္ကေတများ

**မည်သည့်သင်္ကေတများ** ကိုမှအခြားကျောင်းသားများအား အနှောက်အယှက်ဖြစ်စေသောကြောင့် ခွင့်မပြုပါ။ သင်္ကေတများ ဆိုသည်မှာ တစ်ခုခုကို ကိုယ်စားပြုသောရုပ်ပုံ သို့ လက်မှတ်များဖြစ်သည်။ ၄င်းတို့သည် ဆရာ သို့ အခြားကျောင်းသားများကို မလေးစားရာရောက်သည်။ ကျောင်းတွင် မည်သည့်သင်္ကေတများကို ခွင့်မပြုသလဲဆိုတာ ဆရာကိုမေးမြန်းပါ။

## *6. ကျွန်ုပ်၏ကလေးစည်းကမ်းဖောက်သည်ကိုကျွန်ုပ်မည်သို့သိနိုင်သလဲ?*

အကယ်၍သင့်ကလေးသည် အပြုအမူများယွင်းနေပါက ကျောင်းမှသင့်ကို ဖုန်းခေါ်လိမ့်မည် သို့ မှတ်ချက်တစ်စောင်ရေး ပေးလိမ့်မည်။ ကျောင်းမှသင်နှင့်တွေ့ရန် ပြောဆိုလိမ့်မည်။

ကြိမ်ရေအတော်များများ၊ ကလေးများသည် သူတို့စည်းကမ်းဖောက်ဖျက်သည်ကို မိဘများအားမသိစေချင်ကြပါ။ ကျောင်းမှသင့်ထံ ပို့သောစာရွက်စာတမ်းများကို သင့်ကလေးအားဘာသာပြန်ပေးရန် **မတောင်းဆိုဖို့**အရေးကြီးပါသည်။ ထို့အတူ၊ သင်ဆရာနှင့် ပြောဆိုသောအခါ သင့်ကလေးအားဘာသာပြန်ပေးရန် **မတောင်းဆိုဖို့**အရေးကြီးပါသည်။

ဆရာအားစကားပြန်အတွက်တောင်းဆိုပါ။ ဆရာနှင့်တွေ့ရန် သင့်သူငယ်ချင်းအားလည်း ခေါ်သွားနိုင်သည်။

## *7. စည်းမျဉ်းစည်းကမ်းလုပ်ဆောင်ချက်ဆိုတာဘာလဲ?*

စည်းမျဉ်းစည်းကမ်းလုပ်ဆောင်ချက်ဆိုသည်မှာ မကောင်းသောအပြုအမူ၏အကျိုးဆက်ဖြစ်သည်။ ၄င်းသည်ကျောင်းမှ စည်းကမ်း ချိုးဖောက်သောကလေးအား လုပ်ဆောင်ခြင်းဖြစ်သည်။

အောက်ပါတို့သည် ကျောင်းမှ စည်းကမ်းချိုးဖောက်သောကလေးအား တစ်စုံတစ်ခုလုပ်ဆောင်လိမ့်မည်။ ကျောင်းမှ –

- ကလေးအားခဏတဖြုတ်ရပ်နားခွင့်ပေးခြင်း
- အထူးအခွင့်အရေးများနုတ်လိုက်ခြင်း
- ကလေးအားကျောင်းအုပ်ကြီး၏ရုံးခန်းသို့ပို့ခြင်း
- မိဘများနှင့်ပြောဆိုရန်တောင်းဆိုခြင်း
- ပြစ်ဒဏ်ပေးခြင်း
- ဆိုင်းငံ့ခြင်း သို့ ကလေးအားကျောင်းထုတ်ခြင်း

သင့်ကလေး၏ကျောင်းမှအခြား စည်းမျဉ်းစည်းကမ်းလုပ်ဆောင်ချက်များသုံးလိမ့်မည်။ ဤအခန်း၏အဆုံးတွင် သင့်ကလေး၏ ကျောင်းမှအသုံးပြုသော စည်းမျဉ်းနည်းလမ်းလုပ်ဆောင်မှု သတင်းအချက်အလက်များပိုမိုပါရှိပါသည်။

## *8. ကျောင်းမှခဏတစ်ဖြုတ်ရပ်နားခြင်းဆိုတာဘာလဲ?*



ခဏတစ်ဖြုတ်ရပ်နားခြင်း ဆိုသည်မှာ သင့်ကလေးအားငြိမ်သက်စွာထိုင်စေပြီး ဘာအမှားလုပ်ခဲ့သလဲဆိုတာ တွေးတောစေခြင်းဖြစ်သည်။ ယင်းကို ကလေးငယ်များ အတွက်သာ အသုံးပြုသည်။

## 9. ဆရာမှအထူးအခွင့်အရေးများနုတ်လိုက်ပါကဘာဖြစ်မလဲ?

ဆရာများမှလည်းအထူးအခွင့်အရေးများနုတ်လိုကနိုင်သည်။ ဆိုလိုသည်မှာ သူတို့သည်ကလေးအားသူကြိုက်သလိုလုပ်ရန်ခွင့်မပြုပါ။ ဥပမာ၊ ဆရာသည် သူ/သူမအပြုအမူရိုင်းပျပါကကျောင်းလွှတ်ချိန်အတွင်းကလေးအားကစားရန်ခွင့်မပြုပါ။

## 10. ကလေးအားကျောင်းအုပ်ကြီး၏ရုံးခန်းသို့ပို့လိုက်ပါကဘာဖြစ်မလ?




တခါတရံ၊ ကလေးအလွန်ဆိုးသောအခါ ကလေးအားကျောင်းအုပ်ကြီး၏ ရုံးခန်းသို့ပို့လွှတ်သည်။ ကျောင်းအုပ်ကြီးသည်ကျောင်း၌တန်ခိုးအလွန်ရှိသည်။ ကျောင်းအုပ်ကြီးမှကလေးအား ပြောဆိုပြီး အကျိုးဆက်ကိုဆုံးဖြတ်သည်။ တခါတရံ၊ မိဘများသည် ကလေး၏အပြုအမူအတွက် ကျောင်းအုပ်ကြီးနှင့် တွေ့ရန်လိုသည်။

## 11. ပြစ်ဒဏ်ပေးခြင်းဆိုတာဘာလ?



ပြစ်ဒဏ်ပေးခြင်းဆိုသည်မှာ ကျောင်းပြီးချိန်ကလေးဆက်နေရခြင်းဖြစ်သည်။ သူ/သူမသည် စာသင်ခန်းထဲတွင် ဆရာမှသူ/သူမကိုသွားတော့ဟု ပြောသည့်တိုင်အောင်ထိုင်နေရသည်။ ကလေးသည် ပြစ်ဒဏ်ပေးခံနေရစဉ်အိမ်စာလုပ်နိုင်သည်။ သူတို့ကစားခြင်း သို့ စကားပြောခြင်း မပြုရ။

အကယ်၍သင့်ကလေး ပြစ်ဒဏ်ပေးခံရလျှင်၊ သင်သည် ကလေးအား သူ/သူမဘာအမှားလုပ်သလဲဆိုတာပြောဆိုရန်အရေးကြီးသည်။ဒါဟာ သူ/သူမအားသင်ဘယ်လိုပြုမူရန်မျှော်လင့်ကြောင်းသတိပေးရန်အချိန်ကောင်းဖြစ်သည်။

## 12. ဆိုင်းငံ့ခြင်းဆိုတာဘာလဲ?

ဆိုင်းငံ့ခြင်းဆိုသည်မှာ သင့်ကလေးကျောင်းသို့ရက်အတော်ကြာမသွားနိုင်ခြင်းဖြစ်သည်။ ကလေးသည်အိမ်မှာပဲနေရပြီးမကစားရတောပေ။

ကျောင်းမှမိဘအား ကလေးကိုဆိုင်းငံ့ခြင်းမပြုမှီ ကြိုတင်သတိပေးလိမ့်မည်။ ကလေးများအန္တရာယ်ရှိသောအခါကြိုတင်သတိမပေးပဲ ဆိုင်းငံ့ခြင်းပြုနိုင်သည်။ ဥပမာ၊ ကလေးသည်တားမြစ်ထားသောအရာအားကျောင်းသို့ယူလာပါကချက်ခြင်း ဆိုင်းငံ့ခြင်း ပြုလုပ်လိမ့်မည်။

ဆိုင်းငံ့ခြင်းသည် ပြင်းထန်ပါသည်။ ကလေးများသည်ဆိုင်းငံ့ခြင်းခံထားရပါက အတန်းပျက်လိမ့်မည်။ သူတို့ဖာသာ သင်ခန်းစာများကိုသင်ယူရလိမ့်မည်။ ဆိုင်းငံ့ခြင်းသည် ကလေးအား ကျောင်းသားကောင်းတစ်ယောက်ဖြစ်ရန် ခက်ခဲစေပါသည်။



အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

## *13. ထုတ်ပယ်ခြင်းဆိုတာဘာလဲ?*

ထုတ်ပယ်ခြင်းဆသည်မှာ သင့်ကလေးသည်အန္တရာယ်ရှိသည့်အတွက် ကျောင်းသို့ပြန်မလာနိုင်တော့ကြောင်း ကျောင်းမှဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ကလေးကိုကျောင်းမှ ထုတ်ပယလိုက်သည်။

တခါတရံ၊ အကယ်၍ကလေးကိုထုတ်ပယ်တော့မည်ဆိုလျှင် မိဘများသည် ကြိုတင်သတိပေးစာရရှိလိမ့်မည်။ ဆိုလိုသည်မှာ ကလေးသည်သူ့အပြုအမူကို ပြင်ရန်လိုသည် သို့ အကျိုးဆက်သည် ထုတ်ပယခံရခြင်းဖြစ်သည်။ အကယ်၍သင့်ကလေးသည် ကြိုတင်သတိပေးစာရရှိပါက ကျောင်းနှင့်ပြောဆိုရန်အရေးကြီးပါသည်။

ထို့အတူ၊ အကယ်၍ကလေးသည် ဆိုးရွားစွာတစ်ခုခုလုပ်မိပါက ကြိုတင်သတိမပေးပဲ ထုတ်ပယခြင်းပြုနိုင်သည်။ ကလေးသည်လက်နက်များကျောင်းသို့ယူလာပါက ထုတ်ပယခြင်း ပြုလိမ့်မည်။

ထုတ်ပယခြင်းသည် ပြင်းထန်ပါသည်။ ထုတ်ပယခံထားရသောကလေးများသည် အခြားကျောင်းသွားရန်၊ အထက်တန်းကျောင်းပြီးရန် သို့ ကောလိပ်သွားရန် ရှာဖွေရာ အခက်အခဲတွေ့ရပါလိမ့်မည်။ ကျောင်းထုတ်ပယခြင်းခံထားရသော ကလေးများသည် ရဲနှင့်တွေ့လျှင်လည်းဒုက္ခရောက်စေပါသည်။

အကယ်၍ကလေးသည်စည်းကမ်းအများကြီးချိုးဖောက်ပါက၊ ဆရာမှကလေး၏မိဘများနှင့်တွေ့ချင်ပါလိမ့်မည်။ မိဘများသည် ကလေးအားဘယ်လိုပြုမူရမည်ကို သေချာနားလည်စေပြီး ဆရာနှင့်အတူတူ အလုပ်လုပ်သင့်သည်။

ပုံမှန်အားဖြင့်၊ ဆရာမှကလေး၏မိဘများအား မှတ်ချက်ပို့ပြီး တွေ့ဆုံရန်တောင်းဆိုလိမ့်မည်။ ထိုစာအား သင့်ကလေးကို ဘာသာ**မပြန်ခိုင်း**ပါနှင့်။

အကယ်၍ဆရာမှသင့်အား တွေ့ဆုံရန်တောင်းဆိုလာပါက၊ သင်ဘာသာပြန်လိုအပ်လျှင် ဆရာအားသတိပေးသင့်သည်။



အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ
2006ခု ဒီဇင်ဘာလတွင်ပြင်ဆင်သည်။

# VII. ကောလိပ်အတွက်ပြင်ဆင်ခြင်း

## *1. ကောလိပ်ဆိုတာဘာလဲ?*



ကောလိပ်ဆိုသည်မှာ အထက်တန်းကျောင်းအပြီးတက်ရသည့်ကျောင်းဖြစ်သည်။ ၎င်းမှ ကျောင်းသားများအား သက်မွေးဝမ်းကျောင်းအတွက်ကြိုတင်ပြင်ဆင်ရာကူညီပေးသည်။ (သက်မွေးဝမ်းကျောင်းဆိုသည်မှာ လူကြီးတစ်ယောက်ကဲ့သို့ သင့်ကလေးအလုပ်လုပ်သော ပုံစံဖြစ်သည်။)

ကောလိပ်များသည် 2 သို့ 4 နှစ်ဖြစ်နိုင်သည်။ 2 နှစ်ကောလိပ်ကို လူ့အဖွဲ့အစည်းကောလိပ်ဟုခေါ်သည်။ 4 နှစ်ကောလိပ်ကို ကောလိပ် သို့ တက္ကသိုလ် ဟုခေါ်သည်။ နည်းပညာဆိုင်ရာ သို့ သက်မွေးဝမ်းကျောင်းဆိုင်ရာ ကောလိပ်များသည် 2 နှစ်ကောလိပဖြစ်ပြီး အလုပ်သမားများလိုအပ်သည့် အထူးကျွမ်းကျင်မှုကိုသင်ပေးသည်။

အများပိုင် ကောလိပနှင့် ပုဂလိကပိုင် ကောလိပတို့ရှိသည်။ အများပိုင်ကောလိပသည် ငွေအချို့သာကုန်ကျမှုရှိသည်။ ပြည်နယ်တွင်နေပြီး သူတို့သွားသောကျောင်းကို ဒေသခံများဟုခေါ်သည်။ ဒေသခံများသည် ဒေသခံမဟုတ်သူများထက ပြည်နယ်ကျောင်းများတွင် နဲပေးသည်။

ပုဂလိကပိုင် ကောလိပသည် ငွေအမြားကြီးကုန်ကျမှုရှိသည်။

ကောလိပ်များမှသူတို့၏ကျောင်းသို့မည်သူတက်ရောက်ရမည်ဆိုတာဆုံးဖြတ်သည်။ ကျောင်းသားများသည် ကောလိပ်တက်ရန် ပထမဆုံး ခွင့်ပြုချက် ရရမည်။ ကောလိပ်တက်ရန် ခွင့်ပြုချက်ရသော ကျောင်းသားများကို “လက်ခံသည်” ဟုခေါ်သည်။

## *2. အလုပ်တစ်ခုရရန်အတွက် ကျနု်ပ်၏ကလေးအားကောလိပ်ပို့ရန်လိုသလား?*



သင့်ကလေးအလုပ်ရရန်အတွက် ကောလိပ်သွားရန်မလိုပေ။ သင့်ကလေး ကောလိပ်မသွားပဲ အလုပ်လုပ်နိုင်သည်။

အကယ်၍သင့်ကလေးသည် လစာငွေကောင်းသည့်အလုပ် သို့အထူးကျွမ်းကျင်မှုလိုချင်ပါက၊ သင့်ကလေးသည် ကောလိပ်သွားရန် စဉ်းစားသင့်သည်။ အလုပ်ကောင်းအတော်များများသည် ကောလိပ်ပညာရေးလိုပါသည်။ ဆိုလိုသည်မှာ ကျောင်းသားများသည် ထိုအလုပ်များရရန် ကောလိပ်ပြီးရမည်။



သင့်ကလေး ဂျူနီယာနှင့် အထက်တန်းကျောင်းလောက်ကတည်းက သူတို့၏ သက်မွေးဝမ်းကျောင်းအတွက်ဘာလုပ်ချင်သလဲဆိုတာတိုင်ပင်ပါ။ ပြီးနောက် သင့်ကလေးကောလိပ်သွားရန်လိုပါကလမ်းညွှန်အကြံပေးပုဂ္ဂိုလနှင့် တိုင်ပင်ပါ။ လမ်းညွှန်အကြံပေးပုဂ္ဂိုလဆိုသည်မှာ သင့်ကလေး အလုပ် သို့ ကောလိပ်အတွက် ပြင်ဆင်ရာတွင်ကူညီပေးသော အထက်တန်းကျောင်းမှ ဝန်ထမ်းဖြစ်သည်။

## 3. ကောလိပ်ဟာဘာကြောင့်အရေးကြီးသလဲ?

ကောလိပ်သည် သင့်ကလေးအလုပ်ကောင်းရဖို့ရှာဖွေရာအကူညီပေးနိုင်သည့်အတွက် အရေးကြီးပါသည်။ အကယ်၍သင့်ကလေး ကောလိပ်မသွားပါက၊ သင့်ကလေးသည် သူ/သူမ၏ပြေစာများပေးရန်အတွက် အလုပ် 2 သို့ 3 ခုလုပ်ရန်လိုသည်။ အမေရိကားတွင်၊ ကောလိပ်သွားသော ကျောင်းသားများသည် ကောလိပ်မသွားသော ကျောင်းသားများထက် ဝင်ငွေပိုရသည်။

ကျောင်းသားများသည် သကမ္မေးဝမ်းကျောင်းကျွမ်းကျင်မှုကို ကောလိပ်တွင် လေ့လာကြသည်။ ၄င်းတို့သည် အလုပ်သမားများ အလုပ်ကောင်းကောင်းလုပ်ရန် ကူညီပေးသော ကျွမ်းကျင်မှုဖြစ်သည်။


COMMON APPLICATION
2003–2004
APPLICATION FOR UNDERGRADUATE ADMISSION
PERSONAL DATA

## 4. ကောလိပ်အား ကျွန်ုပ်၏ကလေးမည်သို့လျှောက်နိုင်သလဲ?

ပထမဆုံး သင့်ကလေးသည် လျှောက်လွှာပြည့်စုံစွာဖြည့်ရန်လိုပါသည်။ လျှောက်လွှာတစ်စောင်ဆိုသည်မှာ သင့်ကလေးအကြောင်းကောလိပ်အား ပြောပြသော ပုံစံတစ်ခုဖြစ်သည်။ လျှောက်လွှာတွင် သင့်ကလေး၏အဆင့်၊ အပြုအမူ၊ အားကစားနှင့် အခြားအရာများကိုမေးနိုင်သည်။

ကလေးသည် လျှောက်လွှာကို ကောလိပ်၏ဝင်ခွင့်ပြုဌာနသို့ပို့လိမ့်မည်။ ဝင်ခွင့်ပြုဌာနဆိုသည်မှာကောလိပ်၌ ကျောင်းသားများအားစာသင်ခန်းများတွင် တက်ရောက်ခွင့်ပြုရန်ဆုံးဖြတ်ပေးသော လူတစ်စုဖြစ်သည်။

အောက်ပါတို့သည် သင့်ကလေး ကောလိပ်သို့ပေးရန်လိုသော အခြားစာရွက်စာတမ်းများဖြစ်သည် –

- အထက်တန်းကျောင်းအမှတ်စာရင်း
- SAT သို့ ACT ရမှတ်များ
- စာရေးနမူနာပုံစ
- လျှောက်လွှာကြေး

သင့်ကလေး၏အထက်တန်းကျောင်းမှ လမ်းညွှန်အကြံပေးပုဂ္ဂိုလ်သည် ၄င်းစာရွက်စာတမ်းများအားလုံးယူပြီး ကလေးအားကူညီပေးနိုင်သည်။ လမ်းညွှန်အကြံပေးပုဂ္ဂိုလ်သည် ကောလိပ်လျှောက်လွှာနှင့်ပတ်သက်သော မေးခွန်းများအားလည်းပဲ ဖြေကြားပေးနိုင်သည်။

## 5. အထက်တန်းကျောင်း၏အမှတ်စာရင်းဆိုတာဘာလဲ?



အထက်တနးကျောင်းအမှတ်စာရင်းဆိုသည်မှာ သင့်ကလေး၏အထက်တန်းကျောင်းမှအဆင့်များကိုဖော်ပြသော စာရွက်စာတမ်းဖြစ်သည်။ ၄င်းသည် သင့်ကလေးယူထားသောအတန်း၏ ပုံစံနှင့် သင့်ကလေး၏အပြုအမူကိုလည်းဖော်ပြသည်။ သင့်ကလေးသည် အထက်တန်းကျောင်းအား အမှတ်စာရင်းကို ကောလိပ်သို့ တိုက်ရိုက်ပို့ပေးရန် တောင်းဆိုရလိမ့်မည်။

## 6. SAT နှင့် ACT ရမှတ်ဆိုတာဘာလဲ?



နှစ်တိုင်း၊ အထက်တန်းကျောင်းသားများသည် ကောလိပ်အတွက် စာမေးပွဲဖြေဆိုရမည်။ ၄င်း စာမေးပွဲများမှာ SAT နှင့် ACT တို့ဖြစ်သည်။ သင့်ကလေးသည် ဂျူနီယာနှစ်၏နွေဦးပေါက်ရာသီ (သူတို့အသက် 16 သို့ 17 နှစ်ရှိသောအခါ) SAT စာမေးပွဲကိုဖြေဆိုနိုင်သည်။ သူတို့သည် စာမေးပွဲကို စီနီယာနှစ်၏ ဆောင်းဦးပေါက်ရာသီ (သူတို့အသက် 17 နှစ်ရှိသောအခါ) တွင် ထပ်မံဖြေဆိုနိုင်သည်။ သင့်ကလေးသည် ACT စာမေးပွဲ ကိုနှစ်တစ်နှစ်၏ မတူသော 5 ကြိမ်ဖြေဆိုနိုင်သည်။

၄င်း စာမေးပွဲများသည် ငွေကုန်ကျမှုများသည်။ သင့်ကလေးသည် SAT စာမေးပွဲအတွက်လျှော့ပေါ့ခွင့်ရနိုင်သည်၊ သင်သည် စာမေးပွဲအတွက်အခကြေးငွေလျှော့ပေါ့ခွင့်ကို အွန်လိုင်းမှလေ့လာနိုင်သည် –
http://www.collegeboard.com/student/testing/sat/calenfees/feewaivers.html

သင့်ကလေး၏ SAT နှင့် ACT ရမှတ်များသည် သင့်ကလေးမည်ကဲ့သို့ပြုလုပ်နေသည်ကိုပြသည်။ ကောလိပ်မှ၄င်း ရမှတ်များကိုသုံးပြီး သင့်ကလေးကောလိပ်သို့ တက်သင့်သလားဆိုတာဆုံးဖြတ်သည်။

အချို့ကလေးများသည် SAT အမှတကောင်းများရရန် ကူညီပေးသည့် စာသင်ခန်းများယူကြသည်။ Princeton ပြန်လည်စစ်ဆေးခြင်းနှင့် Kaplan ကမ်းလှမ်းသော စာသင်ခန်းများသည် စာမေးပွဲအတွက် ကျောင်းသားများအား ကူညီပေးသည်။ ၄င်းသင်တန်းများသည် ငွေအများကြီးကုန်ကျသည်။ သင့်ကလေးအား စာသင်ခန်းများကုန်ကျစရိတ်နဲသောစာရင်းကို ကျောင်းမှာ မေးမြန်းပါ။

## 7. ရေးသားခြင်းနမူနာဆိုတာဘာလဲ?



ဗကာလိပ်အတော်များများသည် ကျောင်းသားများအား သူတို့၏ အရေးအသားနမူနာပုံစံကို ပို့ခိုင်းသည်။ ၄င်းနမူနာသည် သူ့အထက်တန်း ကျောင်းတွင် ရေးထားသောစာရွက်များမဖြစ်နိုင်သည်။ (သို့) အသစ်အချို့ လည်းပဲဖြစ်နိုင်သည်။

ရေးသားခြင်းနမူနာသည် သင့်ကလေး၏အင်္ဂလိပ်စာကျွမ်းကျင်မှုနှင့် သူတို့မည်သို့တွေးခေါ်သည်ကို ဖော်ပြသည်။

## 8. လျှောက်လွှာကြေးကဘယ်လောက်လဲ?



ကောလိပ်သို့လျှောက်ခြင်းသည် ငွေကုန်ကျမှုရှိသည်။ ထိုငွေကို လျှောက်လွှာကြေးဟုခေါ်သည်။ ပုံမှန်အားဖြင့် $50 နှင့် $100 အကြားကုန်ကျသည်။ သင်သည် ချက်လက်မှတ သို့ ငွေလွှဲလွှာဖြင့် ပေးနိုင်သည်။ ဤငွေကိုသင်ပြန်ရလိမ့်မည်မဟုတ်။

ကောလိပ်သို့ အခကြေးငွေလျှော့ပေါ့မှုအကြောင်းမေးနိုင်သည်။ ကျောင်းမှကမ်းလှမ်းသော အခကြေးငွေလျှော့ပေါ့မှု သတင်းအချက်အလက်အပြည့်အစုံကို အွန်လိုင်းမှရှာနိုင်သည် – http://www.collegeboard.com/prod_downloads/student/testing/sat/sat_fee_waiver_directory.pdf.

## 9. ကျွန်ုပ်၏ကလေးကင်းစာရွက်စာတမ်းများကိုကောလိပ်သို့ပို့ပြီးပါကဘာဖြစ်မလဲ?



ဝင်ခွင့်ပြုဌာနမှ သင့်ကလေး၏လျှောက်လွှာကို ကြည့်ရှုလိမ့်မည်။ သူတို့သည် သင့်ကလေး၏ အဆင့်နှင့် အပြုအမူကိုလည်းကြည့်ရှုကြသည်။ သူတို့သည် သင့်ကလေး၏ ကျောင်းပြင်ပ ပါဝင်လှုပ်ရှားမှုများကိုလည်းပဲ ကြည့်ရှုကြသည်။

ဝင်ခွင့်ပြုဌာနမှ သင့်ကလေး၏ ရေးသားခြင်းနမူနာကိုလည်း ပြန်လည်စစ်ဆေးကြလိမ့်မည်။ သူတို့မှသင့်ကလေးကို လူတွေ့ခေါ်ယူစစ်မေးမှုပြုလိမ့်မည်။

လအနည်းငယ်ကြာသောအခါ၊ သင့်ကလေးကောလိပ်သွားနိုင်သလားဆိုတာ ဆုံးဖြတ်လိမ့်မည်။ အကယ်၍ သူတို့သင့်ကလေးအား ကောလိပ်သို့သွားရန်ခွင့်ပြုမိန့်ပေးပါက၊ သင့်ကလေးကို လက်ခံလိုက်ပြီ။



OKLAHOMA STATE UNIVERSITY

OSU

Office of Undergraduate Admissions
219 Student Union
Stillwater, Oklahoma 74078-1012
405-744-6858, 405-744-7379
405-744-7679

January 26, 2006

Blair Kirkpatrick
2400 Locust Rd
Bartlesville OK 74006

